ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ တနင်္လာနေ့။ Monday, 3 June 2019 ၉၆၆၉

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံသို့ ရောက်ရှိ

ချက် ဇွန် ၂

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိကြသည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် သံရုံးမှ တာဝန်ရှိသူများက သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဘန်ကောက်မြို့မှ တစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် ည ၁၁ နာရီ ၁၅ မိနစ်တွင် ချက်သမ္မတနိုင်ငံ Prague မြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံအမတ်ကြီးH.E. Mr. Daroslav Dolecez နှင့် တာဝန်ရှိသူများက ချက်နိုင်ငံ Prague အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဓာတ်ပုံ)**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် Prague မြို့ရှိ Lichtenstein Palace အစိုးရဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

**သတင်းစဉ်**



ကြေးမုံ ယနေ့ ဖတ်စရာ

**အခမဲ့နယ်လှည့်ဆေးကုသရေးအဖွဲ့ စစ်တွေမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ဒုတိယနေ့ ဆက်လက်ကုသ**

စာမျက်နှာ » ၃

**ရန်ကုန်မြို့ အနာဂတ် မိုးပျံလျှပ်စစ်ရထားလမ်း စီမံကိန်းစတင်ရန် လှိုင်သာယာမြို့နယ် ပြည်သူများသို့ တွေ့ဆုံအသိပေးရှင်းလင်းပွဲ ပြုလုပ်**

စာမျက်နှာ » ၉

**ငါးမဖမ်းရကာလ ရေလုပ်သားတို့ အိမ်ပြန်ခရီး**

စာမျက်နှာ » ၁၁



## ကြေးမုံ

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကိုဦးစားပေးလုပ်ငန်းစဉ်အဖြစ် တစိုက်မတ်မတ် အကောင်အထည်ဖော်နေသည်မှာ တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာပြီး ပြည်ထောင်စု၏အသီးအပွင့်များကို တန်းတူညီမျှအခွင့်အရေးရရှိနိုင်ရေးဖြစ်သည်။

ယနေ့ပြည်ထောင်စုတွင် မငြိမ်းချမ်းသော၊ မသင့်မြတ်သော အခြေအနေများဖြစ်ပွားနေခြင်းသည် တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှအခွင့်အရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အခွင့်အရေး စသည်တို့ကို အကြောင်းပြု၍ဖြစ်ပေါ်နေခြင်းဖြစ်ရာ ဦးစွာအမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆွေးနွေးအဖြေရှာခြင်းဖြင့် မိမိတို့၏လိုလားချက်များကို တစ်ဆင့်ချင်း ရယူနိုင်ပေသည်။

မိမိတို့မျှော်မှန်းချက်များသို့ တက်လှမ်းနိုင်ရေးအတွက် တိုင်းပြည်ငြိမ်းချမ်းရေးတွင် မဖြစ်မနေပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။ တိုင်းပြည်ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိကကျသော အဖွဲ့အစည်းများမှာ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးဖြစ်ပြီး ထိုအဖွဲ့အစည်းများအနေဖြင့် ကနဦးလိုအပ်ချက်မှာ အပစ်အခတ်ရပ်စဲရေးပင်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးကို ဦးစွာဆောင်ရွက်နိုင်မှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အဆင့်ဆင့်တက်လှမ်းပြီး မိမိတို့မျှော်မှန်းသည့်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှ လွတ်လပ်ရေးရပြီးစကာလအတွင်း နိုင်ငံရေးအယူအဆ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းကာလအထိ လက်နက်ကိုင်အဖွဲ့များပေါ်ပေါက်ခဲ့ပြီး အဖွဲ့အားလုံးနီးပါးနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ ရရှိခဲ့သည်။ ယနေ့လက်ရှိတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နှင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ကျန်ရှိသောအဖွဲ့များ ပါဝင်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ငြိမ်းချမ်းရေးခရီးကို တက်လှမ်းရာတွင် NCA တွင် လက်မှတ်မထိုးရသေးသောအဖွဲ့များ ပါဝင်လာရန် အရေးကြီးသည်။ သဘောတူညီထားသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာအောင် ထိန်းသိမ်းရန် ပစ်ခတ်တိုက်ခိုက်မှုများမရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်အကောင်အထည်ဖော်ရန်ဖြစ်သည်။ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပြည်ထောင်စုသဘောတူစာချုပ်၏ အဓိကအချက်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်မှုများနှင့်ပတ်သက်၍ သဘောတူညီချက်များ ရရှိစေရန်ဖြစ်သည်။ NCA ကို အကောင်အထည်ဖော်နိုင်ခြင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဇရိယာများအတွင်းရှိ တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းရေး၏အသီးအပွင့်များကို လက်ငင်းခံစားနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဒီမိုကရေစီကူးပြောင်းရေးနှင့် ဖက်ဒရယ်တည်ဆောက်ရေးကို ပြည်ထောင်စုသဘောတူစာချုပ်နှင့်အညီ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

လက်ရှိကာလတွင် NCA လက်မှတ်ရေးထိုးပြီး အဖွဲ့များ၊ လက်မှတ်မထိုးရသေးသည့်အဖွဲ့များနှင့် အကြိမ်ပေါင်းများစွာ အလွတ်သဘော၊ တရားဝင်ဆွေးနွေးပွဲများ ပြုလုပ်နိုင်ခဲ့သည်။ ယခုလတွင် NCA တွင် ပါဝင်သည့် ယန္တရားများ ပြန်လည်အသက်ဝင်အောင် ဆောင်ရွက်လျက်ရှိသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုဆောင်ရွက်ရာတွင် လက်ငင်းအခြေအနေအမျိုးမျိုးကြောင့် အောင်မြင်မှုများလည်းရှိသလို ရပ်တန့်နေမှုများလည်းရှိသည်။ မည်သို့ပင်ရှိသည်ဖြစ်စေ၊ ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးကိုမျှော်မှန်း၍ မတူကွဲပြားမှုများ၊ သဘောကွဲလွဲမှုများကြားမှ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်ပါဝင်ကာ အကြိမ်ကြိမ်အထပ်ထပ် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးတစ်ခုလုံး၊ ပြည်ထောင်စုသားအားလုံးတို့၏ အန္တိမမျှော်မှန်းချက်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးဖြစ်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်မှသာ တိုင်းရင်းသားပြည်သူများ လိုလားချက်ရရှိနိုင်မည်ဖြစ်၍ ဦးစွာလိုအပ်သည့် NCA တွင် ပါဝင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသို့ အဆင့်ဆင့် တက်လှမ်းကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

# ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဩဝါဒါစရိယဆရာတော်ကြီးများ၏ အသိအမှတ်ပြုလက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပ

**ရန်ကုန် ဇွန် ၂**



ပန်းတစ်ပွင့်တောင် ထီးတော်သစ်တင်လှူပွဲအခမ်းအနား၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ကျောင်းသားသစ်ကြိုဆိုပွဲအခမ်းအနားနှင့် ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဩဝါဒါစရိယဆရာတော်ကြီးများအား အသိအမှတ်ပြုလက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပသည်။

**ကိုးပါးသီလ ခံယူဆောက်တည်**

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် သန်လျင် မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား အသိအမှတ်ပြုလက်မှတ်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စကြာရှင်ဇမ္ဗူအေးတစ်ဆယ့်တစ်မီးငြိမ်း စေတီတော်မြတ်ကြီး ထီးတော်သစ်အတွက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တက္ကသိုလ်၏ ဩဝါဒါစရိယဆရာတော်ကြီးများ ကိုယ်စား တက္ကသိုလ်၏ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရေစကြိုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒသာရထံမှ ဩဝါဒကထာ နာယူကြသည်။

ထို့နောက် ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တပညာသာရက ကျေးဇူးတင်ဝမ်းမြောက်စကား မြွက်ကြားချီးမြှင့်သည်။

**အနုမောဒနာတရားနာကြား**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ အဓိပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစိန္တိတာလင်္ကာရထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့တွင် သက်ကြီးဆရာပူဇော်ပွဲနှင့် လူရည်ချွန်များ ဂုဏ်ပြုပွဲကျင်းပ



**စစ်ကိုင်း ဇွန် ၂**

သက်ကြီးဆရာပူဇော်ပွဲနှင့် ၂၀၁၉ ခုနှစ် စစ်ကိုင်းခရိုင် လူရည်ချွန်များ ဂုဏ်ပြုပွဲကို ယနေ့နံနက် ၈ နာရီခွဲက စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပါရဂူခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားကို စစ်ကိုင်းမြို့နယ် ပညာရေးဝန်ထမ်းဟောင်းများအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်း (စစ်ကိုင်း)နှင့် စစ်ကိုင်းမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး သက်ကြီး ဆရာကြီး/ဆရာမကြီး ၃၈ ဦးကို ကန်တော့ပစ္စည်းများနှင့် ပူဇော်ကန်တော့ကြရာ ကန်တော့ခံပုဂ္ဂိုလ်ကြီးများကိုယ်စား ဆရာကြီး ဦးလှညွန့်က ဆုပေးစကားပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းခရိုင်ပညာရေးမှူး ဦးခင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင်ပညာရေးဝန်ထမ်းဟောင်းများအသင်း ဂုဏ်ထူးဆောင်နာယက ဦးအောင်ကြီးက မုဒိတာစကားပြောကြားကာ ပညာရေးဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌ ဦးစံထိုက်က သက်ကြီးဆရာကန်တော့ပွဲနှင့် ဂုဏ်ပြုပွဲကျင်းပပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဦးအောင်ကြီးက အခြေခံပညာအထက်တန်း အောင်ချက်မြင့်မားရေးအတွက် အလှူငွေကျပ် ငါးသိန်း ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် စစ်ကိုင်းခရိုင် လူရည်ချွန်များအား တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြရာ လူရည်ချွန်များကိုယ်စား လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၈၅၊ ဒီမဲ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

# အခမဲ့နယ်လှည့်ဆေးကုသရေးအဖွဲ့ စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဒုတိယနေ့ ဆက်လက်ကုသ

**စစ်တွေ ဇွန် ၂**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသားကျန်းမာရေးကွန်ရက် (အခမဲ့)နယ်လှည့်ဆေးကုသရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ဆေးကုသရေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး(ခုတင်-၅၀၀)၌ ဒုတိယနေ့ အခမဲ့ဆေးကုသရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သည်။

ယင်းနောက် အဖွဲ့ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကလေးအထူးကု၊ သားဖွားနှင့် မီးယပ်၊ အရေပြား၊ မျက်စိ၊ သွားနှင့်ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အပ်စိုက်၊ ဓာတ်မှန်၊ ခွဲစိတ်နှင့် အထွေထွေရောဂါကုဌာနများ၌ ဆေးကုသမှုခံယူနေကြသူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းသည်။

ထို့နောက် အဖွဲ့ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ဆေးရုံအုပ်ကြီးရုံးခန်း၌ ပြည်နယ်ဝန်ကြီးများ၊ အခမဲ့နယ်လှည့်ဆေးကုသရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်းက အခမဲ့နယ်လှည့်ဆေးကုသခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများက အခမဲ့နယ်လှည့်ဆေးကုသရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်းနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ဇွန် ၁ ရက်မှ ၂ ရက်အထိ အဆိုပါ အခမဲ့နယ်လှည့်ဆေးကုသရေးအဖွဲ့သို့ လာရောက်ဆေးကုသမှုခံယူသူ ဦးရေ ၁၁၂၄ ဦးရှိပြီး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနမှလည်း စားသောက်ဖွယ်ရာများလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်း သဘာဝဘေးလျော့ပါးရေး ကြိုတင်ပြင်ဆင်မှုနှင့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့သည် ယနေ့နံနက်ပိုင်းက ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် ဂျပန်နိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် SEEDS Asia တို့ပူးပေါင်းဆောင်ရွက်သော "ဟင်္သာတမြို့နယ်အတွင်းရှိ ရပ်ရွာလူထုနှင့်ပူးပေါင်း၍ ကျောင်းတွင်းဘေးအန္တရာယ်ကင်းရှင်းရေးအား တိုးမြှင့်ဆောင်ရွက်ခြင်း" စီမံကိန်းအရ ဆောက်လုပ်ပြီးစီးခဲ့သော ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စု နဘဲကုန်းကျေးရွာ သဘာဝဘေးဒဏ်ခံ မူလတန်းကျောင်းဆောင်သစ်(School-Cum Shelter)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအား သင်ကြားမှုအထောက်အကူပြုအိတ်များ ပေးအပ်ကာ ကျောင်းဆောင်တွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဧရာဝတီမြစ် ဟင်္သာတတာ တာမိုင် ၂၂/၄-၂၄/၀အတွင်း (သဲကုန်း-ညောင်အိုင်)ပန်းတာသစ် တည်ဆောက်ခြင်းလုပ်ငန်းအား သွားရောက်စစ်ဆေးကြည့်ရှုသည်။

အဆိုပါ ပန်းတာသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၉၉၀ ဒသမ ၈၆၈ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံး (၁၀၀ ရာခိုင်နှုန်း)ပြီးစီးနေပြီဖြစ်သည်။

ယင်းတာသည် အရှည် ပေ ၇၅၀၀၊ ထိပ်ဝအကျယ် ၁၆ ပေရှိပြီး တာအမြင့် ၁၈ ပေ ရှိသည်။ အဆိုပါတာကို တည်ဆောက်နိုင်ခြင်းကြောင့် ဇလွန်၊ ကျုံပျော်၊ ရေကြည်၊ ဓနုဖြူ၊ ကျောင်းကုန်း၊ ငါးသိုင်းချောင်းမြို့နယ်များရှိ လယ်မြေဧက သုံးသိန်းကျော်အား မိုးရာသီကာလအတွင်း ရေကြီးနစ်မြုပ်သည့် ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟင်္သာတမြို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်ကြားမှုဘာသာရပ်များနှင့် နည်းစနစ်များ ခေတ်နှင့်အညီ ဆန်းသစ်ပြင်ဆင်နိုင်ရေးအတွက် ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ သင်တန်း အမျိုးအစားအလိုက် နည်းပြများ ကျွမ်းကျင်ပိုင်နိုင်ရေး စဉ်ဆက်မပြတ်လေ့လာရေး၊ သင်တန်းဆရာများ၏ အရည်အချင်း တိုးမြှင့်စေရေး လေ့ကျင့်ပျိုးထောင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရဲချုပ်တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂**

၂၀၁၉ ခုနှစ်(ဒုတိယ)အကြိမ် ရဲချုပ်တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ပွဲရုံ မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဗိုလ်လုပွဲပြိုင်ပွဲများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ၊ အားကစားသမားများ၊ ရဲတပ်ဖွဲ့ဝင် မိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အမှာစကားပြောကြားပြီး အမျိုးသား နှစ်ယောက်တွဲ၊ သုံးယောက်တွဲပြိုင်ပွဲတွင် ဆုရအသင်းများကို တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲ ပြိုင်ပွဲဆုရအသင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ ဇနီး ကလည်းကောင်း၊ ရဲချုပ်တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းကို ရဲချုပ်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

**ဝင်ရောက်ယှဉ်ပြိုင်**

ပြိုင်ပွဲသို့ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များ၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့များ၊ တပ်ဖွဲ့များ၊ လေ့ကျင့်ရေးသင်တန်းကျောင်းများမှ ပြိုင်ပွဲဝင်အသင်း အမျိုးသား ၂၉ သင်း၊ အမျိုးသမီး ရှစ်သင်းနှင့် အားကစားသမား အမျိုးသား ၂၀၃ ဦး၊ အမျိုးသမီး ၃၆ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန် ဇွန် ၂**

မြန်မာ့ရုပ်ရှင်နှစ်(၁၀၀) ပြည့် အခမ်းအနားကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်အခမ်းအနားကို ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် ယခုကဲ့သို့တွေ့ဆုံဆွေးနွေးရခြင်း ဖြစ်ပါကြောင်း၊ ပွဲတော်အတွက် ယာယီ ကော်မတီဖွဲ့စည်းပြီး ရုပ်ရှင်လောကသားများသာမက အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများကပါ စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းပါဝင်လာပါက ပိုမိုကောင်းမွန်သည့် ပွဲတော်ဖြစ်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာ့ရုပ်ရှင် နှစ်(၁၀၀) ပြည့် အခမ်းအနားကျင်းပရေး အတွက် ပြီးခဲ့သည့် မြန်မာ့ရုပ်ရှင်ရတုအဆက်ဆက်ပွဲစဉ်များ ကျင်းပခဲ့ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများ၊ ပွဲတော်အကြိုကာလ၌ ပြည်တွင်းတွင်သာမက ပြည်ပတွင် လှုပ်ရှားဆောင်ရွက်မည့်အစီအစဉ်များ၊ ပြည်ပနိုင်ငံများတွင် သွားရောက်လေ့လာခဲ့သည့် အတွေ့အကြုံများကို မူတည်၍ အကြံပြုချက်များ၊ မြန်မာ့ရုပ်ရှင်သမိုင်းကို ဇာတ်လမ်းရိုက်ကူးထုတ်လွှင့်ရေး၊ ခေတ်ဦးရုပ်ရှင် ဇာတ်ကားများနှင့် ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများ ပြန်လည်ထုတ်လွှင့်ပြသရေး၊ ထူးချွန်သရုပ်ဆောင်များသာမက ပိတ်ကားနောက်ကွယ်မှ အတတ်ပညာရှင်တို့၏အကြောင်း ဆွေးနွေးပွဲများ လုပ်ဆောင်ရေး၊ ရန်ပုံငွေရှာဖွေရေး၊ ပွဲတော်ကျင်းပမည့်နေရာ ရွေးချယ်ရေးနှင့် ယာယီကော်မတီဖွဲ့စည်းရေး စသည်တို့ကို ဆွေးနွေးကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ယနေ့ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀) ပြည့်ပွဲတော် ဖြစ်မြောက်ရေး ယာယီကော်မတီကို တာဝန်ရှိသူများနှင့်ဖွဲ့စည်းပြီး ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆက်လက်ဆွေးနွေးသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

**သတင်းစဉ်**

# ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ စခန်းပိတ်သိမ်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

**မြစ်ကြီးနား ဇွန် ၂**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၁၉ ခုနှစ် ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲကို မေ ၂၇ ရက်မှ စတင်ပြီး မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း စခန်းဖွင့်လှစ်၍ ကျင်းပခဲ့ရာ ဇွန် ၁ ရက် ညနေ ၄ နာရီခွဲတွင် စခန်းပိတ်သိမ်းပွဲကို မြစ်ကြီးနားတက္ကသိုလ်ဘွဲ့နှင်းခန်းမဆောင်ရှေ့၌ ကျင်းပသည်။

စခန်းပိတ်သိမ်းပွဲတွင် ထူးချွန်ကြက်ခြေနီလူငယ်မောင်/မယ်များက စစ်ကြောင်းပုံဖြင့် ချီတက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပြည်နယ်ကြက်ခြေနီအသင်း တာဝန်ရှိသူများနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုကြပြီး ဥက္ကဋ္ဌက အမှာစကားပြောကြားရာ ထူးချွန်ကြက်ခြေနီလူငယ်များက စစ်ကြောင်းပုံဖြင့် ဥက္ကဋ္ဌအား ချီတက်အလေးပြုကြသည်။

ထို့နောက် ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဂုဏ်ပြုညစာစားပွဲကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာ ထူးချွန်ကြက်ခြေနီတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုညစာကို ထူးချွန်ကြက်ခြေနီလူငယ်များက ဒေသအလိုက် ရိုးရာအကအလှများ၊ တေးသီချင်းများသီဆိုဖျော်ဖြေမှုများဖြင့် ဖျော်ဖြေတင်ဆက်ကာ ထူးချွန်ကြက်ခြေနီလူငယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များက ဂုဏ်ပြုညစာကို သုံးဆောင်ခဲ့ကြပြီး ဘွဲ့နှင်းသဘင်ခန်းမရှေ့ မနောကွင်းငယ်အတွင်း မနောအကကို ရင်းနှီးပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

အဆိုပါ ထူးချွန်ကြက်ခြေနီများ တွေ့ဆုံပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ပထမဆုံးအကြိမ် ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တိုင်းဒေသကြီး/ပြည်နယ်များမှ လူငယ်ခေါင်းဆောင်များဖြစ်သော ထူးချွန်ကြက်ခြေနီ ၁၁၁ ဦးနှင့် တက္ကသိုလ်/ကောလိပ် ကြက်ခြေနီအသင်းခွဲများမှ ၂၅ ဦး စုစုပေါင်း ၁၃၆ ဦးတို့အား ထူးချွန်ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်ခဲ့ပြီး ပြည်နယ်အတွင်း လေ့လာရေးခရီးစဉ်အဖြစ် အင်းတော်ကြီးရွှေမဥ္ဇူဘုရား၊ မြစ်ဆုံတို့ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ကျောင်းဖွင့်ချိန်

❖ မိုးဦးကျလို့ အေးမြကြည်
သားတို့ကျောင်းဖွင့်ပြီ၊
ကျောင်းစိမ်းတူညီ ဝတ်ဆင်မြန်း
ခေါင်းလောင်းသံချိုလွှမ်း။

❖ နှစ်ဆန်းတန်းတက် ကျောင်းခန်းဝင်
ပညာ ပန်းဥယျာဉ်၊
လန်းဆန်းကြည်လင် ရွှင်ချိုမြ
သင်အံ ကျက်မှတ်ကြ။

❖ ငယ်ခါကာလ ဉာဏ်ရည်ချွန်
လူကောင်း လူတော်မွန်၊
ပညာမဲ့လွန် မဖြစ်ဖို့
ပညာတတ်အောင် ကြိုးစားစို့။

**အောင်လံမြေ - နေညိုညို**

## တိုက်ကြီးမြို့နယ်၌ နယ်မြေကွင်းဆင်းမှုများဆောင်ရွက်

**တိုက်ကြီး ဇွန် ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်သည် ဇွန် ၁ ရက်က တိုက်ကြီးမြို့နယ်အတွင်းရှိ ဒေသခံများ ပုဂ္ဂလိကစိုက်ခင်းလုပ်ကိုင်လိုပါက လွယ်ကူစွာလုပ်ကိုင်နိုင်ရေးအတွက် ကျေးရွာအထိ ကွင်းဆင်းစည်းရုံးဟောပြောခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသော ပုံစံ(၈) သစ်များကို ပျက်စီးပျောက်ဆုံးမှု တန်ဖိုးလျော့ကျမှုမရှိစေရန် အချိန်မီလေလံတင်ရောင်းချနိုင်ရေး ဆောင်ရွက်ထားကြောင်း သိရသည်။ ထို့ပြင် ဇွန် ၂ ရက်က ဥက္ကံကြိုးဝိုင်းအတွင်း ၂၀၁၉ မိုးရာသီ စိုက်ပျိုးတည်ထောင်လျက်ရှိသည့် ၁/၂၀၁၉ ကျွန်းစိုက်ခင်း ဧက ၂၀၀ ကို ကိုယ်တိုင်စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ဥတ္တရသီရိမြို့နယ်တွင် နွေစပါး တင်း ၁၅၀ နှင့်အထက် ထွက်ရှိရေး ကွင်းသရုပ်ပြ



**နေပြည်တော်  ဇွန်  ၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ၂၀၁၈ - ၂၀၁၉ ခုနှစ် (နွေစပါး) ဆင်းသုခ တင်း ၁၅၀ နှင့်အထက် ထွက်ရှိရေး စံပြကွက် ၄ ဒသမ ၀၀ ဧက ကွင်းသရုပ်ပြခြင်းကို ဇွန် ၂ ရက် နံနက် ၈ နာရီက တောင်သူ ဦးစိုးမင်းထွေး၏ စံပြ စိုက်ကွက်တွင် ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်လယ်ယာကဏ္ဍတာဝန်ခံ ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်နှင့် နေပြည်တော် စိုက်ပျိုးရေးတိုင်းဦးစီးမှူး ဦးဝင်းဦးတို့က စပါးအထွက်နှုန်းတိုးရေး ရှင်းလင်းဆွေးနွေးပြီး တောင်သူ ဦးကျော်ကျော်ဦးက ကွင်းအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ နွေစပါးရာသီတွင် လျာထားချက် ၆၆၂ ဧကအနက် အမှန်စိုက်ပျိုးမှုဧက ၇၈၉ ဧကရှိခဲ့ပြီး ကျေးရွာအုပ်စု လေးအုပ်စုတွင် စိုက်ပျိုးခဲ့သည်။ စံပြကျေးရွာအား ဇလောင်း(တောင်) ကျေးရွာအုပ်စုတွင် ၂၀၁၈ ခုနှစ် မိုးစပါးရာသီမှစ၍ အဆင့်မြင့်နည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ၊ စိုက်စနစ်များ၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်မှုနည်းလမ်းများ၊ ဘက်စုံပိုးမွှားကာကွယ်ရေးစနစ်နှင့် ကင်းထောက်မှတ်တမ်းယူနည်း၊ နည်းစနစ်များအပြင် သစ်ရွက်စိမ်းမြေဩဇာများ အသုံးပြုခြင်း၊ အီးအမ်ဘိုကာရှိ မြေဆွေးပြုလုပ်ခြင်း နည်းစနစ်များဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့သည်။

**ကိုကိုရှူပ (နေပြည်တော်)**

# အိန္ဒိယ ခြောက်လဒန့်သလွန်စိုက်ပျိုးရေးပိုစတာ တောင်သူများစိတ်ဝင်စား



**မော်လမြိုင်ကျွန်း  ဇွန်  ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံကုန်းကျေးရွာ၌ ဇွန် ၁ ရက် နံနက်ပိုင်းက တောင်သူများ စိုက်ပျိုးရန် စိတ်ဝင်စားသည့် ဆေးဖက်ဝင်ပြီး စီးပွားရေးတွက်ခြေကိုက်သော အိန္ဒိယ ခြောက်လဒန့်သလွန်ပင် စိုက်ပျိုးရေး သိကောင်းစရာ ဗီနိုင်းပိုစတာကို ပြသရာ ဒေသခံတောင်သူများ စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ယင်းပိုစတာတွင် ဗီတာမင်ဓာတ်၊ သတ္တုဓာတ်၊ အသားဓာတ်များစွာပါဝင်သော ဒန့်သလွန်ပင်တွင် ခြောက်လအောက် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအတွက် အာဟာရဓာတ်အများအပြား ပေးစွမ်းနိုင်သောအပင်ဖြစ်သည့်အပြင် ရောဂါအမျိုးအစားပေါင်း ၃၀၀ ကျော်တို့ကို သဘာဝအတိုင်းကာကွယ် ကုသပေးနိုင်သည့် အပင်မျိုးဖြစ်သည်။

အဆိုပါ အိန္ဒိယ ခြောက်လဒန့်သလွန်ပင်အနည်းငယ်အား ကျေးရွာအုပ်စု လေးအုပ်စုတွင် ဇွန် ၁ ရက်အထိ စမ်းသပ်စိုက်ပျိုးထားပြီး အိန္ဒိယဒန့်သလွန်ပင်ကို ဥယျာဉ်ခြံမြေ၊ မြေလွတ်မြေလပ်များနှင့် လမ်းမကြီးများဘေးတွင် မျိုးစေ့ဖြင့်လည်းကောင်း၊ ပျိုးပင်ဖြင့်လည်းကောင်း စိုက်ပျိုးသွားမည်ဖြစ်သည်။

ယင်း အိန္ဒိယခြောက်လဒန့်သလွန်ပင်မှာ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးကို စိတ်ဝင်စားသော တောင်သူများအတွက် ဆေးဖက်လည်းဝင်၊ ဈေးကွက်စီးပွားရေးအရလည်း ဝင်ငွေကောင်းပြီး တွက်ခြေကိုက်သော ဒန့်သလွန်ပင်မျိုးဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း - မြင့်အောင်**

# ရေရှားပါးသည့် ခေါင်းတုံ၊ ညောင်လယ်၊ လယ်ဓမ္မကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**ဂန့်ဂေါ ဇွန် ၂**

ဂန့်ဂေါခရိုင် မီးသတ်ဦးစီးဌာန၏ အစီအစဉ်ဖြင့် ရေရှားပါးသည့် ဂန့်ဂေါမြို့နယ် ခေါင်းတုံရွာ၊ ညောင်လယ်ရွာ၊ လယ်ဓမ္မရွာတို့သို့ ဇွန် ၁ ရက်နှင့် ၂ ရက်တို့တွင် သောက်သုံးရေ သွားရောက်ထောက်ပံ့လှူဒါန်းကြသည်။

ထိုသို့ထောက်ပံ့ရာတွင် ဇွန် ၁ ရက်က ဂန့်ဂေါမြို့နယ် မီးသတ်ဦးစီးဌာနသည် ခေါင်းတုံကျေးရွာ အိမ်ခြေ ၁၇၂ အိမ်၊ လူဦးရေ ၁၀၄၀ အတွက် ရေဂါလန် ၁၆၀၀ ကို လည်းကောင်း၊ ထီးလင်းမြို့နယ် ရေမျက်နီရွာ မီးသတ်ဦးစီးဌာနသည် ရေဂါလန် ၆၅၀ ကိုလည်းကောင်း၊ ကျောမြို့ မီးသတ်ဦးစီးဌာနသည် လယ်ဓမ္မရွာ အိမ်ခြေ ၆၇ အိမ်ရှိ လူဦးရေ ၃၀၈ ဦးတို့အတွက် ရေဂါလန် ၆၅၀ ကို လည်းကောင်း၊ ဇွန် ၂ ရက်တွင် ရေမျက်နီရွာ မီးသတ်ဦးစီးဌာနသည် ဂန့်ဂေါမြို့နယ် ညောင်လယ်ရွာ အလကအတွက် ရေဂါလန် ၁၂၀၀ ကိုလည်းကောင်း ထောက်ပံ့လှူဒါန်းခဲ့သည်။

လှူဒါန်းရာသို့ ဂန့်ဂေါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦး၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထက်အောင်တို့ ရောက်ရှိ၍ လိုအပ်သည်များ ကူညီပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော မေ ၂၃ ရက်မှ ၃၁ ရက်အထိ ထွက်ရှိသောစာအုပ်များစာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | မဟော်ပြဇာတ် | ဦးကြင်ဥ | ရာပြည့် | ၁၀၀၀ |
| ၂။ | အသံနိုင်မော်ကွန်း | ဝက်မစွတ်မြို့စား နဝဒေး | ရာပြည့် | ၅၀၀ |
| ၃။ | အောင်စိတ်၊ အောင်နည်းနှင့် အောင်သူ | တင်စိန်(ပထဝီဝင်) | စိတ်ကူးချိုချို | ၂၀၀၀ |
| ၄။ | ရာမရကန်(အပြည့်အစုံ နှစ်တွဲ၊ ပေါင်းချုပ်) | ဦးတိုး | ရာပြည့် | ၄၅၀၀ |
| ၅။ | လမ်းကောက်လျှင် လမ်းပျောက်မည် | ခင်ဇေ(စက်မှု) | အလင်းသစ် | ၂၀၀၀ |
| ၆။ | မြန်မာမှု ပဒေသာ သုတ၊ ရသ၊ စာစကား အဆိုအမိန့်များ | မင်းရိုးယဉ် | မျိုးဆက်သစ် | ၅၀၀ |
| ၇။ | စောင်းဆရာကြီးဂုတ္တိလ မြန်မာပုံပြင်ရှည် | မောင်ခေတ်ထွန်း | စိတ်ကူးချိုချို | ၈၀၀ |
| ၈။ | အရာရာတိုင်းဟာ မင်းထင်သလိုမဟုတ်ဘူး | မင်းထက်နေနိုင် | ကိုလတ် | ၃၀၀၀ |
| ၉။ | စာကြည့်တိုက် ယဉ်ကျေးမှု (၃) | ကလောင်စုံ | ကိုလတ် | ၂၀၀၀ |
| ၁၀။ | စတာလင်၏ လီနင်ဝါဒ ပြဿနာများ | ကျော်လင်း | ယဉ်မျိုး | ၁၅၀၀ |
| ၁၁။ | ဆိုရှယ်လစ်ဝါဒ | သခင်စိုး၊ သခင်သန်းထွန်း | ယဉ်မျိုး | ၂၀၀၀ |
| ၁၂။ | အမျိုးသားရေးဝါဒနှင့် လူမျိုးစု ပဋိပက္ခ | ဒေါက်တာကျော်ဝင်း | ခေတ်ပြတိုက် | ၄၀၀၀ |
| ၁၃။ | အညာမောင် | တင်ညွန့် | မောကွ | ၃၀၀၀ |
| ၁၄။ | ကြမ္မာမုန်တိုင်း | လင်းခန့် | ကံ့ကော်ဝတ်ရည် | ၆၅၀၀ |
| ၁၅။ | ရှို့စန်းကွမ်း သွေးရောင်မှတ်တမ်း | တော်ကောင်းမင်း | ကံ့ကော်ဝတ်ရည် | ၄၃၀၀ |
| ၁၆။ | ဒဂုန်တာရာ ဋီကာ | တက္ကသိုလ် စိန်တင် | အားမာန်သစ် | ၈၀၀၀ |
| ၁၇။ | ရခိုင်ပြည်နယ်အတွင်းမှ AA တို့ တိုက်ခဲ့သော တိုက်ပွဲများနှင့် AA သမိုင်းကြောင်း သိကောင်းစရာများ | သောင်းဝေဦး | မြရတနာ | ၄၀၀၀ |
| ၁၈။ | လူတိုင်းအတွက် မင်္ဂလာ | ကျော်လှိုင် | ရှင်မတောင် | ၁၅၀၀ |
| ၁၉။ | တိုင်းခြား ပြည်ခြား အမေရိကား ခရီးသွား အတွေ့အကြုံများ | မိုးမြင့်ဆွေ | ယဉ်မျိုး | ၃၀၀၀ |
| ၂၀။ | ဒိုင်း vol-1 | | ငါတို့စာပေ | ၃၈၀၀ |
| ၂၁။ | အတွေးတစ်စ | အော်ကျူး | ခင်မြတ်သူ | ၂၀၀၀ |
| ၂၂။ | အပေတေ တစ်ယောက်ရဲ့ကျောင်းဆင်းချိန် | သိုးဆောင်း | အောင်မြင် | ၃၀၀၀ |
| ၂၃။ | အပိုလို ငွေလမင်းပေါ် ခြေချခြင်း | ကျော်ဦး | ပါရမီ | ၄၀၀၀ |
| ၂၄။ | အတွေးအမြင် အမှတ်(၃၂၁) ၂၀၁၉၊ ဇွန်လ | ကလောင်စုံ | ဒေါင်းစာပေ | ၃၀၀၀ |
| ၂၅။ | မိဘများဆီသို့----------- ကျန်းမာရေးဆောင်းပါးများစုစည်းမှု | Dr.Phyo Maung | အလင်းအိမ် | ၃၀၀၀ |
| ၂၆။ | ရခိုင်အုပ်ချုပ်မှုအောက်မှ စစ်တကောင်း | မောင်ရွှေဖြူ(မအီ) | မျိုးဆက်သစ် | ၂၀၀၀ |
| ၂၇။ | မီးကို ပြုလုပ်ခြင်း | မောင်ဒေး | ဝိုင်းမော် | ၂၅၀၀ |
| ၂၈။ | လက်ဖဝါးထဲ မြှုပ်ဝင်နေတဲ့ မျက်နှာ | ပီမို | ဝိုင်းမော် | ၂၅၀၀ |
| ၂၉။ | ဗုဒ္ဓဘာသာ အနုပညာနိဒါန်း | တိုက်စိုး | နှစ်ကာလများ | ၃၀၀၀ |
| ၃၀။ | ကမ္ဘာကျော် သရော်စာများ | နိုင်သစ် | Thar Nge | ၂၅၀၀ |
| ၃၁။ | ပုဂံကျောက်စာ လက်ရွေးစင် | ပါမောက္ခ ဦးဇမောင် | စိတ်ကူးချိုချို | ၄၀၀၀ |
| ၃၂။ | အတွေ့အကြုံအရ သင်ယူတတ်ကျွမ်းမှုကို အသိအမှတ်ပြုခြင်း (Eglish + Myanmar ) | ဦးကျော်ဝင်း | ကျော်ဝင်းစာပေ | ၂၀၀၀ |
| ၃၃။ | တစ်ယောက်တစ်ဘဝ ဝတ္ထုတိုများစုစည်းမှု (၃) | ကလောင်စုံ | ညိုချော | ၃၀၀၀ |
| ၃၄။ | ရွာခလေ့-လူ့ခလေ့ | ကိုလေးမြတ် | လင်းသစ်ရောင်စဉ် | ၃၀၀၀ |
| ၃၅။ | ရုပ်နာမ်ကကြိုး | ကလောင်စုံ | ညိုချော | ၄၀၀၀ |
| ၃၆။ | ဘောနက်ကြီးရဲ့ဘက်စခန်းမှ လူမိုက်ကြီးများ | ဗြိတိသျှကိုကိုမောင် | ငါတို့စာပေ | ၂၅၀၀ |

# ဂျပန်နိုင်ငံမှ တိုယိုတာမော်တော်ယာဉ်များ မြန်မာနိုင်ငံ၌ တပ်ဆင်ထုတ်လုပ်မည်

မောင်သစ္စာ (ရန်ကင်း)

**“ အစိုးရသစ်လက်ထက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာမှ များစွာစိတ်ဝင်စားပြီး တိုယိုတာကဲ့သို့ ကမ္ဘာ့အမှတ်တံဆိပ်ကုမ္ပဏီများမှ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် မကြာမီကာလအတွင်း ပြည်တွင်းမော်တော်ကားဈေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ နိုင်ငံတော်အစိုးရ၊ လာရောက် ရင်းနှီးမြှုပ်နှံသည့် တိုယိုတာကုမ္ပဏီ၊ ပြည်တွင်းရှိ လုပ်ငန်းရှင်၊ ထုတ်လုပ်သူများ၊ ဖြန့်ဖြူးရောင်းချသူများနှင့် အသုံးပြုမည့် ပြည်သူများအားလုံးအတွက် မလွဲကေန်ပင် အကျိုးရှိ ထိရောက်စေနိုင်မည်ဖြစ် ”**

၂၀၁၈ ခုနှစ် ကမ္ဘာ့ကားဈေးကွက် စာရင်းအင်းအချက်အလက်များအရ Toyota သည် ကမ္ဘာ့ဈေးကွက်၏ ၉ ဒသမ ၄၆ ရာခိုင်နှုန်း၊ Volkswagen မှ ၇ ဒသမ ၃၈ ရာခိုင်နှုန်းနှင့် Ford မှ ၅ ဒသမ ၈၃ ရာခိုင်နှုန်းတို့ဖြင့် ရပ်တည်လျက်ရှိပါသည်။ ကမ္ဘာ့ဈေးကွက် ပထမရရှိထားသည့် တိုယိုတာမှ မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ မော်တော်ကားကဏ္ဍ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ယခုရက်ပိုင်းအတွင်း ဂျပန်နိုင်ငံ တိုယိုတာမော်တာကော်ပိုရေးရှင်းက မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံ၍ မော်တော်ကားများထုတ်လုပ်မည့် သတင်းကို ဂျပန်သတင်းစာများတွင်သာမက မြန်မာမီဒီယာအများစု၌လည်း ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြနေကြပါသည်။ တိုယိုတာအမှတ်တံဆိပ်ကို ရှေးယခင်ကပင် မြန်မာလူမျိုးတို့ အသိများကြပါသည်။ တိုယိုတာမော်တော်ကားများကို မြန်မာပြည်သူများ အကြိုက်များကြသကဲ့သို့ အမှန်တကယ်လည်း အရည်အသွေးပိုင်း၌ တိတိကျကျ ထိန်းသိမ်းထားနိုင်သည့် ကုမ္ပဏီဖြစ်ပါသည်။ ကမ္ဘာ့အဆင့်မီ မော်တော်ကားကုမ္ပဏီဖြစ်သည့် တိုယိုတာမော်တာကော်ပိုရေးရှင်းသည် ရောင်းချပြီး တိုယိုတာမော်တော်ကားများ၏ ပျက်စီးချွတ်ယွင်းမှုများကို ပြန်လည်လဲလှယ်ပေးခြင်း၊ ပြုပြင်ပေးခြင်းနှင့် အသစ်အစားထိုးပေးခြင်း စသည့် အာမခံပေးခြင်းဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိရှိ ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်းကိုလည်း လေ့လာကြားသိဖူးပါသည်။

**ပိုမိုရွေးချယ်အသုံးပြုနိုင်တော့မည်**

မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းကားဈေးကွက်ဝယ်လိုအား တစ်ဟုန်ထိုးတိုးတက်မြင့်မားလာခဲ့ပါသည်။ တိုယိုတာ(မြန်မာ)၏ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်၌ ပြည်တွင်းဈေးကွက်ဝယ်လိုအားမှာ ကားစီးရေ ၁၈၀၀၀ ရှိခဲ့ပြီး ယခင်နှစ်များထက် ၂ ဒသမ ၁ ဆကျော် တိုးတက်လာကြောင်း သိရပါသည်။ ယခင်က မြန်မာပြည်သူများအနေဖြင့် တိုယိုတာ Second Hand မော်တော်ကားများကို တင်သွင်းအသုံးပြုနေရာမှ ယခုအခါတွင် မြန်မာနိုင်ငံဈေးကွက်၌ Toyota Hilux၊ Vios နှင့် Rush စသည့် မော်တော်ယာဉ်အမျိုးအစားများကို တိုယိုတာက စက်ရုံ လာရောက်တည်ထောင်၍ ထုတ်လုပ်တော့မည်ဖြစ်သည့်အတွက် မြန်မာပြည်သူများအနေဖြင့် ယုံကြည်စိတ်ချစွာဖြင့် ပိုမိုရွေးချယ်အသုံးပြုနိုင်တော့မည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့်လည်း မေလ ၃၀ ရက်နေ့က လာရောက်တွေ့ဆုံခဲ့ကြောင်း ၎င်းဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်သတင်းထုတ်ပြန်ချက်များအရ သိရှိရပါသည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E Mr. Ichiro Maruyama လည်း လိုက်ပါခဲ့ပြီး Toyota Motor Asia & Pacific Pte Ltd ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Susumu Matsuda က တိုယိုတာကုမ္ပဏီမှ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံမည့်အခြေအနေများကို လာရောက်ရှင်းလင်းတင်ပြခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက တိုယိုတာမှ မြန်မာနိုင်ငံတွင် စက်ရုံတည်ထောင်ပြီး မော်တော်ကားများထုတ်လုပ်ခြင်းကို ကြိုဆိုပါကြောင်း၊ နည်းပညာလွှဲပြောင်းမှုနှင့် မော်တော်ကားဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့၌ ပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။ တိုယိုတာကုမ္ပဏီအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် မော်တော်ယာဉ်များကို စီးပွားဖြစ်စတင်ထုတ်လုပ်သွားရန် မျှော်မှန်းထားကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရှိရပါသည်။

တိုယိုတာမော်တာကော်ပိုရေးရှင်း (ရန်ကုန်ရုံးခွဲ)၏ မေလ ၃၀ ရက်နေ့ အများပြည်သူသို့ သတင်းထုတ်ပြန်ချက်အရ တိုယိုတာမြန်မာ(TMY)ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ကာ သီလဝါအထူးစီးပွားရေးဇုန်၌ ဇွန်လမှစတင်၍ စက်ရုံတည်ထောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ လုပ်ငန်းကို အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး လုပ်သားအင်အား ၁၃၀ ခန့်ဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မည် ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်မှစတင်ကာ တစ်နှစ်လျှင် Toyota Hilux စီးရေ ၂၅၀၀ အား Semi Knocked-Down စနစ်ဖြင့် ထုတ်လုပ်သွားမည်ဖြစ်သည့်အတွက် မြန်မာပြည်တွင်းကားဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး အရည်အသွေးမြင့်သည့် တိုယိုတာမော်တော်ကားများကို မြန်မာပြည်သူများ စိတ်ကြိုက်ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ ဖွဲ့စည်းတည်ထောင်သွားမည့် Toyota Myanmar Co.,Ltd.ကို လေ့လာကြည့်ရာ၌ ဂျပန်နိုင်ငံမှ Toyota Motor Corporation မှ ၈၅ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံရှိ Toyota Tsusho Corporation မှ ၁၅ ရာခိုင်နှုန်း ပါဝင်ကြောင်း သိရှိရသည်။ လုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇွန်လ၌ စတင်လုပ်ဆောင်မည်ဖြစ်ကြောင်းနှင့် အရည်အသွေးမြင့် ဂျပန်စံချိန်စံညွှန်းမီ မော်တော်ကားများကို ပြည်တွင်း၌ လာရောက်ထုတ်လုပ်တော့မည်ဟု ကြားသိရသည်မှာလည်း ဝမ်းသာကျေနပ်စရာကောင်းလှပေသည်။

တိုယိုတာမော်တော်ကား စက်ရုံဝင်ရောက်လာပါက မြန်မာဈေးကွက်လိုအပ်ချက်နှင့် အကိုက်ညီဆုံးဖြစ်သော မော်တော်ကားထုတ်ကုန်နှင့် ဝန်ဆောင်မှုသစ်များကိုပါ



တစ်ပါတည်း မြင်တွေ့ရတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာ တိုယိုတာ၏ ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းရှိ ကျွမ်းကျင်လုပ်သားများ ပိုမိုတိုးပွားလာစေရေးတို့အတွက် များစွာ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါသည်။ ဂျပန်နိုင်ငံမှ အဆင့်မြင့်နည်းပညာများ သယ်ဆောင်လာပြီး မြန်မာ့မော်တော်ကား ထုတ်လုပ်မှုကဏ္ဍရှိ လူသားအရင်းအမြစ်နှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုယိုတာမှ ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံအတွက် နည်းပညာလွှဲပြောင်းရယူနိုင်မည့် အခွင့်အရေးပင် ဖြစ်ပါသည်။

**များစွာအထောက်အကူပြုနိုင်မည်**

တိုယိုတာစက်ရုံအနေဖြင့် လုပ်ငန်းစတင်လုပ်ကိုင်သည့်အချိန်၌ ဝန်ထမ်းအင်အား ၁၃၀ ဖြင့် လုပ်ငန်းစတင်ဆောင်ရွက်မည်ဖြစ်သော်လည်း မြန်မာနိုင်ငံရှိ မော်တော်ကား တပ်ဆင်ထုတ်လုပ်ခြင်းဆိုင်ရာ အင်ဂျင်နီယာများ၊ ကျွမ်းကျင်လုပ်သားများအတွက် အခွင့်အရေးတစ်ခုပင်ဖြစ်ပါသည်။ မကြာမီကာလများအတွင်း တိုယိုတာမှ လုပ်ငန်းတိုးချဲ့လာမည်ဆိုပါက ယခုထက်အလုပ်အကိုင်ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပြီး ပြည်တွင်း၌ ထုတ်လုပ်မှုနည်းပညာတတ်ကျွမ်းသူများကို ပိုမိုမွေးထုတ်ပေးနိုင်တော့မည် ဖြစ်ပါသည်။ တိုယိုတာကဲ့သို့ ကမ္ဘာ့အမှတ်တံဆိပ်မော်တော်ကားများကို ပြည်တွင်း၌ပင် ဝယ်ယူအသုံးပြုနိုင်တော့မည်ဖြစ်သည့်အပြင် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ကျွမ်းကျင်လုပ်သားများ တိုးပွားလာစေရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။

**အားပေးရမည်**

အစိုးရသစ်လက်ထက်၌ ပြည်တွင်း၊ ပြည်ပမှ အဆင့်မြင့်ပြီး အရည်အသွေးပြည့်ဝသည့် ရင်းနှီးမြှုပ်နှံမှုများ(Quality Investment) ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာ TOYOTA အမှတ်တံဆိပ်ကဲ့သို့ နည်းပညာမြင့်မားသည့် မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံခြင်းကို ကြိုဆိုရမည်ဖြစ်သည်။ တိုယိုတာ(မြန်မာ)စက်ရုံ၌ Toyota Hilux, Vios နှင့် Rush မော်တော်ကားများကို Semi Knocked-Down (SKD) စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်မည်ဟု ရည်ရွယ်ထားရာ ပြည်တွင်း၌ အရည်အသွေးပြည့်ဝပြီး နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ်များ ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ရေး အားပေးရမည် ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်၌ တိုယိုတာကုမ္ပဏီမှ မြန်မာနိုင်ငံ၌ မော်တော်ယာဉ်ထုတ်လုပ်နိုင်ရန် လာရောက်ကွင်းဆင်းလေ့လာခဲ့ဖူးကြောင်း ကြားသိရပါသည်။ ထိုစဉ်က မြန်မာနိုင်ငံ၌ ပြည်ပမှအလုံးစုံတပ်ဆင်ပြီး မောင်းနှင်အသုံးပြုရန် အဆင်သင့်ဖြစ်နေပြီးဖြစ်သော မော်တော်ယာဉ် Complete Built-up Unit(CBU) များကို တင်သွင်းရောင်းချခြင်းက CKD၊ SKD စနစ်ဖြင့် ထုတ်လုပ်ရောင်းချခြင်းထက် ကုန်ကျစရိတ်ပို၍ သက်သာခြင်း၊ မြန်မာနိုင်ငံတွင် Supporting Industry များ ဖွံ့ဖြိုးမှုမရှိသေးခြင်းတို့ကြောင့် CKD စနစ်ဖြင့် မော်တော် ယာဉ်ထုတ်လုပ်မှု အဆင်သင့်မဖြစ်သေးဘဲ Spare parts များကိုသာ ထုတ်လုပ်နိုင်ကြောင်း သုံးသပ်အကြံပြုခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို Semi Knocked-Down (SKD) စနစ်ဖြင့် ထုတ်လုပ်ခွင့်ပြုလျက်ရှိပြီး မကြာမီကာလအတွင်း Complete Knocked-Down (CKD)စနစ်ဖြင့် ပြည်တွင်းတွင် ထုတ်လုပ်၍ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်စေရန် အားပေးလုပ်ဆောင်လျက်ရှိပါသည်။ ရောင်းချပြီး တိုယိုတာမော်တော်ကားများအတွက် အပြည့်အဝတာဝန်ယူပေးတတ်သည့် တိုယိုတာကဲ့သို့ တာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့ လာရောက်ခြင်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြရမည် ဖြစ်ပါသည်။

**အကျိုးကျေးဇူးများ**

တိုယိုတာ၏ မော်တော်ကားထုတ်လုပ်မှုဆိုင်ရာ ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများ အသုံးပြု၍ မြန်မာနိုင်ငံသို့ လာရောက်ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်း၌ မော်တော်ကားထုတ်လုပ်မှု စံချိန်စံညွှန်းများ မြင့်မားလာစေနိုင်ပါသည်။ မြန်မာပြည်သူများအနေဖြင့် ပြည်တွင်းဖြစ် နိုင်ငံတကာအဆင့်မီ မော်တော်ကားများ ပိုမိုအသုံးပြုနိုင်မည်ဖြစ်ပြီး ပြည်တွင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များနှင့်ပါ ချိတ်ဆက်နိုင်ကာ ဈေးကွက်များ ပိုမိုချဲ့ထွင်နိုင်စေမည် ဖြစ်ပါသည်။ ၎င်းအပြင် SKD နည်းစနစ်ဖြင့် မော်တော်ယာဉ်များ ထုတ်လုပ်ပြီး အချိန်တိုအတွင်း နိုင်ငံသားများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ခြင်း၊ အင်ဂျင်အသစ်၊ ကားအသစ်ဖြစ်သည့်အတွက် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်ခြင်း၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းတို့သည် အဓိကအကျိုးကျေးဇူးများပင် ဖြစ်သည်။

အစိုးရသစ်လက်ထက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာမှများစွာစိတ်ဝင်စားပြီး တိုယိုတာကဲ့သို့ ကမ္ဘာ့အမှတ်တံဆိပ်ကုမ္ပဏီများမှ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် မကြာမီကာလအတွင်း ပြည်တွင်းမော်တော်ကားဈေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ နိုင်ငံတော်အစိုးရ၊ လာရောက်ရင်းနှီးမြှုပ်နှံသည့် တိုယိုတာကုမ္ပဏီ၊ ပြည်တွင်းရှိ လုပ်ငန်းရှင်၊ ထုတ်လုပ်သူများ၊ ဖြန့်ဖြူးရောင်းချသူများနှင့် အသုံးပြုမည့် ပြည်သူများအားလုံးအတွက် မလွဲကေန်ပင် အကျိုးရှိထိရောက်စေနိုင်မည်ဖြစ်ကြောင်း သုံးသပ်မိပါသည်။ ။

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင် ကော့သောင်းမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေး

**ကော့သောင်း ဇွန် ၂**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းအဆင့်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့သို့ရောက်ရှိပြီး မြို့တွင်းဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်သည် ရွှေပြည်စိုးကျေးရွာ၊ ဆုတောင်းပြည့်ကျောင်းတိုက်သို့ရောက်ရှိပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကေလာသအား ဖူးမြော်ကြည်ညိုကာ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ပုလုံးတုံတုံးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ အမှတ်(၄) တာဝန်ခံ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးထွန်းက တံတားဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းပိုင်းများနှင့် ဘဏ္ဍာငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး၊ တံတားကြံ့ခိုင်မှုနှင့် စံချိန်စံညွှန်းပြည့်မီရေး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



ထို့နောက် ဝန်ကြီးချုပ်သည် သီရိမြိုင်ရပ်ကွက် မြို့ဦးကျောင်းတိုက် ဆရာတော်အား ဝင်ရောက်ဖူးမြော်ကာ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ အဆိုပါရပ်ကွက်၌ လမ်းဦးစီးဌာနမှ ငွေကျပ်သိန်း ၇၀၀ ကျော် အကုန်အကျခံ တာဝန်ယူတည်ဆောက်ပြီးစီးသည့် ဆလုံရိုးရာယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိပြီး အဆောက်အအုံဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုရှိစေရန် ပြတိုက်အတွင်း ဒေသရိုးရာယဉ်ကျေးမှုမှတ်တမ်းဓာတ်ပုံများ၊ ဆလုံရိုးရာမှတ်တမ်းများနှင့် အခြားစိတ်ဝင်စားဖွယ်ပြကွက်များ ပြသနိုင်ရေး တာဝန်ရှိသူများသို့ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ကော့သောင်းကမ်းနီးငါးဒိုင်(FOB)စစ်ဆေးရေးစခန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက FOB စစ်ဆေးရေး (One Stop Service) လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြသကြပြီး FOB စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ဆိပ်ခံတံတားသစ်တည်ဆောက်မည့် အခြေအနေနှင့် တည်ဆောက်မည့်နေရာများသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ကော့သောင်းမြို့ ဘုရင့်နောင်ရုပ်တုကုန်းမြေတွင် KMA GROUP of Company လှူဒါန်းငွေနှင့် ကော့သောင်းမြို့နယ်စည်ပင်သာယာရေးထည့်ဝင်ငွေကျပ် ၅၄ ဒသမ ၄ သန်း အကုန်အကျခံ တည်ဆောက်ပြီးစီးသည့် ဘုရင့်နောင်ကုန်း အတက်လှေကားနှင့် ရင်ပြင်တည်ဆောက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အများပြည်သူ အပန်းဖြေနိုင်ရေးနှင့် ခရီးသွားဧည့်သည်များအား ဆွဲဆောင်မှုရှိရေး၊ လှေကားဝန်းကျင် မြေပြိုမှုမဖြစ်ပွားရေး မြေထိန်းအပင်များ စိုက်ပျိုးရန်နှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## ပြင်ပစာပေဖတ်ရှုလေ့လာ၍ ဗဟုသုတရှာဖွေနိုင်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ကျောက်ပန်းတောင်း ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီမှ ကျောက်ပန်းတောင်း-မိတ္ထီလာကလေးအခွင့်အရေးပူးပေါင်းဆောင်ရွက်သောအဖွဲ့တို့ပူးပေါင်း၍ ပြင်ပစာပေဖတ်ရှုလေ့လာ၍ ဗဟုသုတရှာဖွေနိုင်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂ ရက် မွန်းတည့် ၁၂ နာရီက ထန်းတောရိုးကျေးရွာ ရွာဦးဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီမှ ကျောက်ပန်းတောင်း-မိတ္ထီလာကလေးအခွင့်အရေး ပူးပေါင်းဆောင်ရွက်သောအဖွဲ့ ညှိနှိုင်းရေးမှူး ဒေါ်နန်းမြင့်ဦးက အသိပညာပေးဟောပြောရခြင်းရည်ရွယ်ချက်နှင့် ဆောင်ရွက်ခဲ့ပြီးဖြစ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြင်ပစာပေဖတ်ရှုလေ့လာခွင့်မရရှိကြောင်း ကလေးသူငယ်များ၏ တင်ပြတောင်းဆိုခြင်းကြောင့် ပြင်ပစာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို သိရှိနိုင်စေရန် ယခုလိုပညာပေးဟောပြောပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း မိတ်ဆက်ပြောကြားသည်။

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးနေအောင်က စာအုပ်စာပေဖတ်ရှုခြင်းဖြင့် စာပေမှရရှိသောအသိပညာဖြင့် လူတစ်ဦး၏ဘဝ မည်သို့ပြောင်းလဲသွားနိုင်သည်ကို ပခုက္ကူ ဦးအုံးဖေ၏ဘဝဇာတ်ကြောင်းကို စံနမူနာထား၍ ရှင်းလင်းဟောပြောပြီး စာပေဖတ်ရှုခြင်းဖြင့် အသိအမြင်ကြွယ်ဝလာနိုင်ပုံ၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားလာနိုင်ပုံတို့ကို ဆွေးနွေးဟောပြောသည်။ ယင်းနောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေခဲ့သည့် စာပေရေချမ်းစင်စာအုပ်ငယ်များကို တက်ရောက်လာသည့် ကျောင်းသားလူငယ်များနှင့် ရပ်မိရပ်ဖများကို ဝေငှဖတ်ရှုစေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ရပ်မိရပ်ဖများ၊ ကျောင်းသားကလေးသူငယ်များ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မြစ်ကြီးနား၌ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး ဖွင့်လှစ်

**မြစ်ကြီးနား ဇွန် ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဆောက်လုပ်ပြီးစီးသွားသည့်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန် ၂ ရက် နံနက် ၉ နာရီက အဆိုပါရုံးသစ်အဆောက်အအုံရှေ့တွင် ကျင်းပရာ ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူနှင့် တာဝန်ရှိသူများက ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ရုံးဟောင်းအစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားကာ ပါမောက္ခ ဒေါက်တာဒေါ်မြသူက ကြက်ခြေနီ တပ်ဖွဲ့ဝင်များသည် လူမျိုးမရွေး၊ ဘာသာမရွေး လူမှုဒုက္ခရောက်ရှိနေသူများကို ကူညီကယ်ဆယ်ရေး ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် လွတ်လပ်သည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး နေရာဒေသမရွေး၊ အချိန်အခါမရွေး ကူညီနိုင်ရန် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် ရာသက်ပန် အသင်းဝင်များကို အသင်းဝင်စိစစ်ရေး စမတ်ကတ်များ လွှဲပြောင်းပေးအပ်ကာ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဂဲနက်က အခမ်းအနားသို့ တက်ရောက်လာသည့် ၂၀၁၉ ခုနှစ် ထူးချွန်ကြက်ခြေနီ မောင်မယ်များနှင့် တာဝန်ရှိသူများကို ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ကချင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးသစ်ကို မြို့ပြရွှေပြည်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး အလျား ၄၄ ပေ၊ အနံပေ ၃၀ ရှိ နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ရိုဒ်ရေကန် သဘာဝအလှမပျက်စီးစေရေး အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်း

**ရိဒ်ခေါဒါရ် ဇွန် ၂**

ချင်းပြည်နယ် ရိဒ်ရေကန်သဘာဝအလှမပျက်စီးစေရေးနှင့် ရေကန်အတွင်း အမှိုက်သရိုက်များ၊ ငုတ်တိုင်များ ဖယ်ရှားရှင်းလင်းခြင်းကို မေ ၃၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရိဒ်ရေကန်၌ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ခန့်ကတည်းက ငါးဖမ်းခြင်းနှင့် ရေမျှော်စင်အတွက် စိုက်ထူထားသည့် ငုတ်တိုင်အဟောင်းများ ဖယ်ရှားခြင်း၊ ရေကန်အတွင်းနှင့် ရေကန်ဘေးပတ်လည်ရှိ အမှိုက်သရိုက်များကို ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ကြောင်း သိရသည်။

“ရိဒ်ရေကန်ဟာ ကျွန်တော်တို့ ချင်းပြည်နယ်သာမက မြန်မာနိုင်ငံအတွက်ပါ တန်ဖိုးမဖြတ်နိုင်တဲ့ အထင်ကရ နေရာဒေသတစ်ခုဖြစ်တယ်။ ရိဒ်ရေကန်မှာ ကျွန်တော်တို့နိုင်ငံသား ပြည်တွင်းဧည့်သည်သာမက ပြည်ပနိုင်ငံများမှလည်း လာရောက်လည်ပတ်သူများပြားတယ်။ လူသူအရောက်အပေါက်များပြီး လူအများစိတ်ဝင်စားတဲ့နေရာဒေသတစ်ခုလည်းဖြစ်တယ်။ ဒါကြောင့် ရိဒ်ရေကန်ကြီးရဲ့သဘာဝအလှတရားမပျက်စီးဖို့၊ ရိဒ်ရေကန်ကြီးသန့်ရှင်းသာယာလှပဖို့နဲ့ ရေကန်ကြီးရေရှည်ထိန်းသိမ်းဆောင်ရွက်ဖို့ ရည်ရွယ်ချက်နဲ့ အခုလိုထိန်းသိမ်းဆောင်ရွက်သွားတာဖြစ်တယ်။ ဒီလိုအများအကျိုးဆောင်ပြီး တန်ဖိုးမဖြတ်နိုင်တဲ့ ရိဒ်ရေကန်ပြုစုထိန်းသိမ်းရာမှာ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးတဲ့ ရပ်ကွက်လူငယ်အဖွဲ့နှင့် JCB စက်ကြီးနှင့်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးတဲ့ရိဒ်ခေါဒါရ်လူငယ်ဗဟိုကော်မတီဝင် ဦးရိုချွာန်းပွီးယာကိုလည်း ကျေးဇူးတင်ပါတယ်”ဟု မြို့အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်က ပြောသည်။

ထို့အပြင် ရိဒ်ရေကန်သန့်ရှင်းသာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရေကန်ဘေးရေချိုးဆိပ်အနီး၌ အများသုံးသန့်စင်ခန်း၊ အမှိုက်ပုံးများနှင့် ခရီးသွားပြည်သူများ အပန်းဖြေအနားယူနိုင်ရန် အရိပ်ရအပင်များအောက်၌ ထိုင်ခုံတန်းများ၊ ခုံတန်းရှည်များ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရိဒ်ရေကန်သို့ လေ့လာရေးခရီးဖြင့်သော်လည်းကောင်း၊ အပန်းဖြေအနားယူရန်သော်လည်းကောင်း၊ ပျော်ပွဲစားခရီးဖြင့်သော်လည်းကောင်း ပြည်တွင်းပြည်ပမှ ခရီးသွားပြည်သူရောက်ရှိလာမှု နှစ်စဉ်နှင့်အမျှ ပိုမိုများပြားလာကြောင်း သိရသည်။

**ရိဒ်ခေါဒါရ်(ပြန်/ဆက်)**

■

# နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ တပ်မတော်သတင်းစာရှင်းလင်းပွဲ ပြုလုပ်



**နေပြည်တော် ဇွန် ၂**

တပ်မတော်သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြုလုပ်ရာ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ် ထွန်းထွန်းညီ၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများ စုစုပေါင်းသတင်းဌာန ၃၀ မှ သတင်းထောက်များ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်မှ ထုတ်ပြန်ချက်ပြုလုပ်ပြီးနောက်ပိုင်း လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေအနေများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း NSCN (K) နှင့်ဆက်စပ်အဖွဲ့များမှ ဖမ်းဆီးရရှိမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ဆောင်ရွက်မှု၊ တပ်မတော်အနေဖြင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ တပ်မတော်(ရေ)၊ တပ်မတော် (လေ) တို့မှ လေ့ကျင့်ရေးဆောင်ရွက်မှု၊ အာဆီယံ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ တပ်မတော်မှ လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးမှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး မေးမြန်းဖြေကြားမှုအပြည့်အစုံကို မြဝတီမီဒီယာ (You Tube Channel) တွင် ဗီဒီယိုဖိုင်အား ကြည့်ရှုနိုင်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**




## ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပမည်

**နေပြည်တော် ဇွန် ၂**

၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကျင်းပခြင်းဖြစ်ပြီး ပထမပိုင်းတွင် အထိမ်းအမှတ်အခမ်းအနားနှင့် ဒုတိယပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲတို့ဖြင့် နှစ်ပိုင်းခွဲ၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်လူမော်**

## အခြေခံပညာကျောင်းပေါင်း ၂၈ ကျောင်းအား ကျောင်းအဆင့်တိုးမြှင့်

**မော်လမြိုင်ကျွန်း ဇွန် ၂**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန (နေပြည်တော်) မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးဌာန၏ အခြေခံပညာကျောင်း ၂၈ ကျောင်းတို့အား ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစပြီး ကျောင်းအဆင့် တိုးမြှင့်လိုက်ပြီဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့နယ် အတွင်းရှိ အခြေခံပညာ ကျောင်းများမှာ မူလတန်းကျောင်း (ခွဲ)မှ မူလတန်းကျောင်းအဖြစ် သုံးကျောင်း၊ မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းအဖြစ် ၁၅ ကျောင်း၊ မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်း (ခွဲ)အဖြစ် ငါးကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဖြစ် သုံးကျောင်း၊ အထက်တန်းကျောင်း(ခွဲ)မှ အထက်တန်းကျောင်းအဖြစ် တစ်ကျောင်းနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းမှ မူလတန်းကျောင်း(ခွဲ)အဖြစ် တစ်ကျောင်း တို့အား ကျောင်းအဆင့် တိုးမြှင့်လိုက်ကြသည်။ **မော်ကျွန်း-မြင့်အောင်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမှ လွယ်မွေတောင်ပေါ်မြို့သို့ ကားဖြင့် အရောက်သွားနိုင်ပြီ

**ကျိုင်းတုံ ဇွန် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ-လွယ်မွေကားလမ်းသည် ကီလိုအားဖြင့် ၃၁ ဒသမ ၂ ကီလိုမီတာ အရှည်ရှိသော တောင်ပေါ်ကားလမ်းတစ်လမ်းဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်လျက်ရှိသော လမ်းဖြစ်သည်။

အဆိုပါ လမ်းလုပ်ငန်း၌ နှစ်အလိုက်သုံးစွဲခဲ့သည့် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေများမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၃ ဒသမ ၆၀၈ သန်း၊ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၀၆၈ ဒသမ ၄၂၀ သန်း၊ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၂၅၃ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅၂၇ ဒသမ ၉၂၅ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၇ ဒသမ ၄၁၀ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၉၆ ဒသမ ၃၈၇ သန်း၊ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၆၄ ဒသမ ၄၉၀ သန်း၊ ၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၄ ဒသမ ၇၉၇ သန်းတို့ကို သုံးစွဲ၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာ ကွန်ကရစ်လမ်းအဖြစ် ခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ **(ယာပုံ)**

ထို့ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ပြီးစီးပါက ကျိုင်းတုံ- လွယ်မွေလမ်းတွင် ၃၁ ဒသမ ၂ ကီလိုမီတာကို ကတ္တရာကွန်ကရစ်လမ်းအဖြစ် ၁ ဒသမ ၁ ကီလိုမီတာ၊ ကတ္တရာလမ်းအဖြစ် ၃ ဒသမ ၁ ကီလိုမီတာအဆင့်အထိ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ကတ္တရာကွန်ကရစ်လမ်းအနေဖြင့် ၃ ဒသမ ၅ ရာခိုင်နှုန်း တည်ရှိမည်ဖြစ်ပြီး ကျိုင်းတုံမြို့မှ လွယ်မွေမြို့အထိ ခရီးသွားကြာချိန်မှာ ယခင်က တစ်နာရီကြာသွားရသော်လည်း ယခုအခါ ၄၅ မိနစ်ဖြင့် အရောက်သွားနိုင်ပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) လမ်းဦးစီးဌာနမှ သိရသည်။ **ခရမ်းစိုးမြင့်**



# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် သစ္စာအားမာန်အသင်း ဂိုးပြတ်နိုင်ပွဲရရှိ

**ရန်ကုန် ဇွန် ၂**

၂၀၁၈-၂၀၁၉ ဘောလုံးရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၃) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ထိပ်ဆုံးမှ အား/ကာသိပ္ပံအသင်း ဂိုးပြတ် နိုင်ပွဲရရှိပြီး ဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိသည်။

**(တောင်ဒဂုံကွင်း)**

**အား/ကာသိပ္ပံ - ၁၁ ဂိုး**
**အား/ကာဦးစီးဌာန - တစ်ဂိုး**

ပြိုင်ပွဲပြီးဆုံးရန် နီးကပ်လာပြီဖြစ်သောကြောင့် အား/ကာသိပ္ပံအသင်းသည် ချန်ပီယံဆုအား ပထမဆုံးရယူနိုင်ရန် လက်ကျန်ပွဲများကို အနိုင်ကစားလျက်ရှိပြီး ယခုပွဲတွင် ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သည်။

အား/ကာသိပ္ပံအသင်း သည် အနိုင်သုံးမှတ်အပြင် ဂိုးပြတ်အနိုင်ရရန် လူစုံထုတ်ခဲ့ပြီး အသင်းခေါင်းဆောင် ခင်မာလာထွန်းက တစ်ဦးတည်း ခြောက်ဂိုးသွင်းယူခဲ့သည်။ ကျန်အနိုင်ဂိုးများကို ရီရီဦး၊ မိုးမမစိုး၊ နန့်မေသဇင်၊ ခင်မျိုးဝင်းတို့က သွင်းယူခဲ့သည်။ အား/ကာဦးစီးဌာနအသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၈၉ မိနစ်တွင် မိုးမိုးသန်းက သွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲ ဂိုးပြတ်အနိုင်ရလဒ်ကြောင့် ဒုတိယနေရာမှ အမှတ်တူရထားသည့် မြဝတီအသင်းထက် ဂိုးကွာခြားချက်တွင် ဆက်လက်အသာရထားပြီး နောက်ဆုံးပွဲတွင် အနိုင်ရရုံဖြင့် ချန်ပီယံဆုရယူနိုင်တော့မည်ဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် သစ္စာအားမာန်အသင်းက ဂန္ဓမာအသင်းကို ရှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဂျူလိုင်ကျော်က တစ်ဦးတည်း ခြောက်ဂိုးသွင်းယူခဲ့သည်။ ကျန်အနိုင်ဂိုးများကို မိနစ် ၂၀ တွင် ခင်မိုးဝေနှင့် ၈၉ မိနစ်တွင် ခင်မိုမိုထွန်းတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၃) အပြီးတွင် အား/ကာသိပ္ပံအသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းက ၃၄ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက်အသာရထားသည့် အား/ကာသိပ္ပံအသင်းက ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲမှာ ပြီးဆုံးတော့မည်ဖြစ်ပြီး နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၄) ကို ဇွန် ၆၊ ၇၊ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၂၀၁၉ (Youth Integrity Camp 2019) ဝင်ရောက်မည့်လူငယ်များ ရောက်ရှိ




**နေပြည်တော် ဇွန် ၂**

အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် လူငယ်ထုပါဝင်ဆောင်ရွက်နိုင်ရေးနှင့် လူငယ်များအကြားတွင် ဖြောင့်မတ်တည်ကြည်မှု မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ "ဖြောင့်မတ်တည်ကြည်မှု" လူငယ်စခန်း ၂၀၁၉ (Youth Integrity Camp 2019)ကို နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်းတွင် ဇွန် ၃ ရက်မှ ၇ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ရာ လူငယ်စခန်းသို့ တက်ရောက်ကြမည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် တည်းခိုနေထိုင်မည့် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းသို့ ယနေ့ညနေပိုင်းတွင် ရောက်ရှိကြသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)၏ နည်းပညာအကူအညီဖြင့် ဤစခန်း အစီအစဉ်ကို ဖွင့်လှစ်ခြင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ် ၁၄ ခုမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၉ ဦးတို့ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Medal Hall တွင် ကော်မရှင်အတွင်းရေးမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးထင်ကျော်က စခန်းဝင်ချိန် ငါးရက်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါလူငယ်စခန်း၌ လူငယ်ထုအတွင်း ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အသိပညာပြန့်ပွားရေးနှင့် အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း(UNCAC) နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများကို ပြည်တွင်းပြည်ပ ပညာရှင်များက နေပြည်တော် သင်္ဂဟဟိုတယ်တွင် လည်းကောင်း၊ သင်တန်းသားများ တစ်ဦးချင်းနှင့် အဖွဲ့လိုက် လက်တွေ့လှုပ်ရှားဆောင်ရွက်ခြင်းများကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Medal Hall တွင်လည်းကောင်း လေ့ကျင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ အနာဂတ် မိုးပျံလျှပ်စစ်ရထားလမ်း စီမံကိန်းစတင်ရန် လှိုင်သာယာမြို့နယ် ပြည်သူများသို့ တွေ့ဆုံအသိပေးရှင်းလင်းပွဲ ပြုလုပ်



**ရန်ကုန် ဇွန် ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)တို့ ပူးပေါင်း၍ ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေး စီမံကိန်းနှင့်ပတ်သက်၍ မိုးပျံလျှပ်စစ်ရထားလမ်းစီမံကိန်းအား ပြည်သူသို့ အသိပေးရှင်းလင်းပွဲကို ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားလမ်း အောင်မြေသာ စေတီတော်ဝင်းရှိ သာသနာ့မကုဋ် အတုလ ဗိမာန်တော်ကြီး၌ ဇွန် ၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရန်ကုန်မြို့ပြ လူထုရထားပို့ဆောင်ရေး စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ မြန်မာ့မီးရထားသယ်ယူပို့ဆောင်ရေး အောက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက "ကျွန်တော်တို့ ရန်ကုန်မြို့တွင် မိုးပျံလျှပ်စစ်ရထား မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စီမံကိန်းပိုင်ရှင်အဖြစ်နဲ့ JICA ရဲ့ ရန်ပုံငွေထဲက ချေးငွေနဲ့ ဒီလုပ်ငန်းကို အကောင်အထည်ဖော်လုပ်ဆောင်မှာဖြစ်ပါတယ်။ ထိုင်းနဲ့ အင်ဒိုနီးရှားနိုင်ငံများရဲ့ စံနမူနာကို အခြေခံကာ ၂၀၁၈ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်ကာလအတွင်း လုပ်ငန်းလေ့လာခြင်းနဲ့ ဒီဇိုင်းရေးဆွဲနေခြင်းဖြစ်တဲ့အတွက် အခြေခံကျတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဝန်းကျင်ထိခိုက်မှုများအား အတတ်နိုင်ဆုံးရှောင်ရှားဖို့ နည်းနိုင်သမျှနည်းအောင် လျှော့ချဖို့ ပွင့်လင်းမြင်သာမှုရှိပြီး အများသဘောတူညီမှုနဲ့ တည်ဆောက်မှာဖြစ်လို့ လှိုင်သာယာပြည်သူတွေနဲ့ ဒီကနေ့ ပထမဦးစွာ တွေ့ဆုံရခြင်း ဖြစ်ပါတယ်" ဟု ပြောသည်။

ထိုစီမံကိန်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ်တွင် စတင်မည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်တွင် လုပ်ငန်းလည်ပတ်နိုင်ရန် လျာထားကြောင်း၊ လှိုင်သာယာဘူတာမှ ရန်ကုန်-ပုသိမ်ကားလမ်းတစ်လျှောက် ဘုရင့်နောင်တံတား တောင်ဘက်ခြမ်းကနေ လှိုင်မြစ်ကိုဖြတ်ပြီး အုတ်ကျင်းဘူတာမှ လှိုင်ပါရမီလမ်းအတိုင်း မရမ်းကုန်းမြို့နယ်၊ ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ တိုးကြောင်ကလေးဘူတာအထိ မောင်းနှင်မည့် စီမံကိန်းဖြစ်ကြောင်းကို အဆိုပါတွေ့ဆုံပွဲမှ သိရသည်။

တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်နှင့် ရထားပြေးဆွဲချိန် သက်ရောက်မှုရှိနိုင်သောသဘာဝပတ်ဝန်းကျင်၊ လူမှုဝန်းကျင်လူနေမှုဘဝ၊ အဆင့်အတန်း လျော့ကျမသွားစေရန်၊ မြေယာပိုင်ဆိုင်မှု လျော်ကြေးပေးခြင်း၊ ပိုင်ဆိုင်မှုများ၊ ဆုံးရှုံးမှုများအထောက်အပံ့ပေးခြင်းကိုလည်း ပြင်ဆင်မှုအစီအမံများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တောင်ငူခရိုင် ကလေးစာပေပွဲတော်ဖြစ်မြောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တောင်ငူ ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကလေးစာပေပွဲတော်ဖြစ်မြောက်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

**အကြံပြုဆွေးနွေး**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း နာယက ဦးကျော်လှ(သမာဓိ)၊ မြို့မိမြို့ဖ ဦးမြင့်ညို(အမေ့အိမ်)၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စမ်းစမ်းအေးအပါအဝင် အစည်းအဝေးတက်ရောက်ကြသူများက ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးကြသည်။

အခမ်းအနားသို့ ဦးကျော်လှ(သမာဓိ)၊ မြို့မိမြို့ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်များ၊ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းမှ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အသင်းသူ အသင်းသားများ၊ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

**၁၂၉**



❖ **ကျောဖုံးမှ**

အခွင့်အရေးပြန်ရလာပြီး ၇၁ မိနစ်တွင် သန့်ဇင်ဝင်းက ထောင့်ကန်ဘောကို ခေါင်းတိုက်ပြီး ချေပဂိုးပြန်သွင်းခဲ့သည်။

ရန်ကုန်အသင်းကို ဗိုလ်လုပွဲရောက်အောင် ပို့ဆောင်ပေးခဲ့သည့် ကစားသမားမှာ လူစားဝင်တိုက်စစ်မှူး ဆယ်လာဖြစ်ပြီး ၈၄ မိနစ်နှင့် ၉၀+၂ မိနစ်တွင် အနိုင် ဂိုးနှစ်ဂိုးသွင်းယူပေးခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲများ ပြီးဆုံးသွားပြီဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းတို့ ဗိုလ်လုပွဲတက်ရောက်ခဲ့ကာ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**

✻ **ဂျပန်အခြေစိုက်မှ**

စက်ရုံတည်ဆောက်ရေးအတွက် Nissin Group က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး လုပ်ငန်းစတင်လည်ပတ်ပြီးနောက် ငါးနှစ်အတွင်း ယန်း သန်း ၆၀၀ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်း)ဖိုး ရောင်းချရန်မျှော်မှန်းကြောင်း ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူ နာအိုကီတိုင်ရာက ပြောကြားခဲ့သည်။

Nissin Electric Co သည် ထိုင်းနှင့်ဗီယက်နမ်ရှိ စက်ရုံများ၌ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်နေပြီး ယင်းနိုင်ငံများတွင် ဈေးကွက်ဝေစု ၆၀ ရာခိုင်နှုန်းနှင့် ၄၀ ရာခိုင်နှုန်း အသီးသီးရရှိထားကြောင်း ၎င်းကဆိုသည်။

**ကျိုဒို**
**ဘာသာပြန်-ကျော်ထိုက်စိုး**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများငြိမ်းချမ်းရေးအသိပညာနှီးနှောဖလှယ်ပွဲ ပြုလုပ်

**စစ်ကိုင်း ဇွန် ၂**
ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထုပူးပေါင်းပါဝင်မှု အားကောင်းလာစေရန် ဇွန် ၁ ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီးတိုင်းရင်းသားလူမျိုးများ ငြိမ်းချမ်းရေးအသိပညာနှီးနှောဖလှယ်ပွဲကို ကျင်းပရာ ကဒူး-ကနန်း-သျှမ်းနီနှင့် ချင်းတိုင်းရင်းသားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေ ငြိမ်းချမ်းရေးအသိပညာနှီးနှောဖလှယ်ကြတာပါ။ မြန်မာသာမက ကမ္ဘာမှာရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အရပ်ဘက်အဖွဲ့အစည်းတွေ အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်ခွင့်ရနေတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာလည်း အရပ်ဘက်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ပါဝင်ဆောင်ရွက်သူအဖြစ် နိုင်ငံတစ်ဝန်းမှာ အသိအမှတ်ပြုပြီးဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထမ်းက အဖွင့်အမှာစကားတွင် ပြောကြားသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ တူညီသောငြိမ်းချမ်းရေးအသံကို ဖော်ထုတ်နိုင်ရန် ကဒူးလူငယ်ဖွံ့ဖြိုးရေးအသင်းနှင့် ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေအဖွဲ့နှင့်ပူးပေါင်း၍ Peace Education and Peace Promotion Leading To Federalism ဆိုသည့်ငြိမ်းချမ်းရေးစီမံကိန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း စီမံကိန်းတာဝန်ခံ ဦးမင်းသုန်ထံမှ သိရသည်။

"စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်က ခုနစ်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နဲ့ ရှမ်းပြည်နယ် မဘိမ်းမြို့နယ်တွေမှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့အသိပညာ ၁၀ ကြိမ်၊ ငြိမ်းချမ်းရေး အသိပညာသင်တန်း လေးကြိမ်ဖွင့်ခဲ့ပါတယ်။ အဓိကကတော့ ဒီ ၁၀ မြို့နယ်က ဒေသခံတွေငြိမ်းချမ်းရေး အသိပညာရရှိစေဖို့ရည်ရွယ်တာပါ။ ငြိမ်းချမ်းရေးအသိပညာရှိမှလည်း ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ပူးပေါင်းပါဝင်လာမှာဖြစ်ပါတယ်" ဟု ဦးမင်းသုန်က ပြောသည်။

၂၀၁၇ ခုနှစ်က ကလေးမြို့တွင် တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ ချင်းမျိုးနွယ်စု နာဂတိုင်းရင်းသား၊ ကဒူးတိုင်းရင်းသား၊ ကနန်းတိုင်းရင်းသား၊ သျှမ်းနီတိုင်းရင်းသားများ ဆွေးနွေးခဲ့ကြရာမှတစ်ဆင့် ယခုပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ နှီးနှောဖလှယ်ပွဲအဖွင့်အမှာစကားကို ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထမ်းက ပြောကြားပြီး စီမံကိန်းတာဝန်ခံ ဦးမင်းသုန်ကနှီးနှောဖလှယ်ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းပြသည်။

**မျိုးဝင်းထွန်း**

# MFF Futsal Warrix Cup 2019 Mandalay ပြိုင်ပွဲ ကျင်းပရေး ဒုတိယအကြိမ်ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၂**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ဆပ်ကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီတို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် MFF Futsal Warrix Cup 2019 Mandalay ပြိုင်ပွဲနှင့်ပတ်သက်၍ ဒုတိယအကြိမ် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာဘောလုံးအကယ်ဒမီကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်ပြိုင်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်မေမြတ်နွယ်(သံလွင်မြန်မာ) မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) ကျောင်းအုပ်ကြီး ဦးစိုးညွန့်၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်တို့က ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမှာစကားပြောကြားကြသည်။

**စည်းကမ်းတကျ အားပေး**

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးဌာနတာဝန်ခံက ပြိုင်ပွဲကျင်းပရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မြန်မာ့လက်ရွေးစင်ဟောင်း ဦးခင်မောင်လေးနှင့် ဦးခင်မောင်လွင်လေးတို့နှင့်အစည်းအဝေးတက်ရောက်လာကြသည့် ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီမှတာဝန်ရှိသူများက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအပြင် ဆောင်ရွက်ရမည့်လုပ်ငန်းများအား မိမိတို့လုပ်ငန်းကဏ္ဍအလိုက် လိုအပ်သည်များ၊ မန္တလာသီရိနိုင်ငံတကာအားကစားခန်းမ၌ ဇွန် ၂၉ ရက်မှ ဇူလိုင် ၁၉ ရက်အထိ အောင်မြင်စွာကျင်းပမည့် ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များနှင့် ကြည့်ရှုအားပေးကြမည့် ပြည်သူများ စည်းကမ်းတကျ အားပေးနိုင်ရေးတို့ကိုလည်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဆုံးဖြတ်ပြီးဖြစ်သော ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဖူဆယ်အသင်း ၆၄ သင်းမှ အသင်းတာဝန်ရှိသူများသည် မြန်မာဘောလုံးအကယ်ဒမီကျောင်း၌ ဇွန် ၁၀ ရက်မှစတင်၍ ပြိုင်ပွဲဝင်ပုံစံများထုတ်ယူကာ ပြိုင်ပွဲဝင်ကြေးနှင့်အတူ ဇွန် ၂၁ ရက် နောက်ဆုံးထား၍ ပေးသွင်းရေးတို့ကို ဆက်လက်ဆွေးနွေးကြသည်။

**ဆုတံဆိပ်များ ချီးမြှင့်မည်**

ပြိုင်ပွဲတွင် ပထမဆုရအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ချန်ပီယံဆုဖလားနှင့် ဆုငွေကျပ်သိန်း ၃၀၊ ဒုတိယဆုရအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ်သိန်း ၂၀၊ တတိယဆုရအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် ၁၀ သိန်း၊ စတုတ္ထဆုရအသင်းအား ဆုငွေကျပ် ငါးသိန်း၊ အသန့်ရှင်းဆုံးဆုရ အသင်းအား ဆုငွေကျပ် သုံးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရရှိသူနှင့် အကောင်းဆုံးဂိုးသမားဆုရရှိသူတို့ကို အမှတ်တရဆုနှင့် ဆုငွေကျပ် နှစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။



**တင်မောင်(မန်းကိုယ်ပွား)**



# ငါးမဖမ်းရကာလ ရေလုပ်သားတို့ အိမ်ပြန်ခရီး

ခိုင်ထူး (မြိတ်)



**မြိတ် ဇွန် ၂**

မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအား ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဇရိယာ သတ်မှတ်ခြင်းအပေါ် သယံဇာတထိန်းသိမ်းရေးနှင့် အနာဂတ်မျိုးဆက်များအတွက် လှေပိုင်ရှင်များနှင့် ရေလုပ်သားများ နားလည်လက်ခံလာကြကြောင်း သိရသည်။

ငါး/ပုစွန်သားပေါက်ပွားသည့်ရာသီချိန်တွင် ငါးနှင့်သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအတွင်း ပြည်တွင်း ပြည်ပကမ်းဝေးငါးဖမ်းရေယာဉ်များအား ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဇရိယာများတွင် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ငါးဖမ်းဆီးခြင်း မပြုကြရန် ဧပြီလတွင် ငါးလုပ်ငန်းဦးစီးဌာနမှ တားမြစ်ညွှန်ကြားချက် ထုတ်ပြန်ထားကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ကမ်းဝေးငါးဖမ်းလှေအစင်းရေ ၁၄၀၀ ကျော်ရှိပြီး မေ ၃၁ ရက် နောက်ဆုံးထားပြီးဝင်ရန် ညွှန်ကြားထားသည့်အတွက် လှေအားလုံး ပြန်လည်ဝင်ရောက်လာကြကြောင်း၊ထားဝယ်၊ မြိတ်၊ ကော့သောင်း ချက်ပွိုင့်တို့တွင် ပြန်ဝင်လျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် ငါးမဖမ်းရကာလကို ယခင်က တစ်ကြိမ် ပိတ်ဖူးကြောင်း၊ ယခုနှစ်တွင် ငါးမဖမ်းရ ကာလနှင့်ငါးမဖမ်းရဇရိယာသတ်မှတ်ရန် ရန်ကုန်နှင့် နေပြည်တော်တို့တွင် ပြုလုပ်သည့် အစည်းအဝေးများ၌ ရေလုပ်ငန်းရှင်များက နားလည်လက်ခံလာကြကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

"စားဝတ်နေရေးအတွက် လောလောဆယ်အခက်အခဲဖြစ်ပါတယ်။ ဒါပေမယ့် ရေရှည်အတွက် ကောင်းတယ်လို့ယေဘုယျအားဖြင့်ပြောလို့ရပါတယ်။ ပင်လယ်ပြင်တစ်ခုလုံးကို စိုးမိုးပြီးပိတ်နိုင်ဖို့အရေးကြီးပါတယ်။ အရင်တုန်းက ပိုက်တစ်ခါဖော်ရင် ငါးအမျိုးအစား ၃၀ ကျော် ၄၀ လောက်ဖမ်းမိပါတယ်။ အခုချိန်မှာ ၃၀ ကျော်မပါတော့ဘူး။ ၂၀ လောက်ပဲပါတော့တယ်။ နှစ်နဲ့ချီပျောက်သွားတဲ့ ငါးတွေ လည်းရှိနေပြီ။ ကျွန်တော်တို့ မျိုးဆက်တစ်ခုတည်းကြည့်လို့မရပါဘူး။ ကျွန်တော်တို့ရဲ့အနာဂတ်၊ နောက်မျိုးဆက်အတွက် ကြည့်ရဦးမယ်ဆိုတော့ ကောင်းတယ်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ထိထိရောက်ရောက်ပိတ်နိုင်ဖို့တော့ အလွန်အရေးကြီးပါတယ်"ဟု ကမ်းဝေးငါးဖမ်းလှေ ပဲ့နင်းကြီး ဦးတင့်လွင်ဦးက ပြောသည်။

တနင်္သာရီကမ်းရိုးတန်း ရေပြင်တွင် အခြေပြုကမ်းဝေးငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြသော ရေယာဉ်ပိုင်ရှင်များ၊ ကုမ္ပဏီများ၊ ရေလုပ်ငန်းရှင်များ၊ အေးဂျင့်များ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အသင်းအဖွဲ့များအား "ကမ်းဝေးရေယာဉ်များကို မေ ၃၁ ရက် နောက်ဆုံးထား၍ ပြန်လည်ဝင်ရောက်ကြရန်နှင့် ငါးမဖမ်းရ ရာသီကာလအတွင်း ငါးဖမ်းဆီးသည်ကို စစ်ဆေးတွေ့ရှိရပါက ငါးလုပ်ငန်းဦးစီးဌာနမှ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်"ဟု အသိပေးအကြောင်းကြားထားကြောင်း မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။







# ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ မြောက်ကိုရီးယားအရေး တွေ့ဆုံဆွေးနွေး


**စင်ကာပူ ဇွန် ၂**

ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများသည် ဇွန် ၂ ရက်က စင်ကာပူနိုင်ငံတွင် မြောက်ကိုရီးယားနိုင်ငံအရေးနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ယင်းသုံးနိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံတွင် အဏုမြူလက်နက်ဖျက်သိမ်းရေးကိစ္စရပ်အပေါ် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မည်ဟု ထပ်လောင်းအတည်ပြုကြမည်ဟု ယုံကြည်ရကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး တာကာရီ အီဝါယာသည် အမေရိကန်ယာယီ ကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်နှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဂျုံကရောင်ဒူးတို့နှင့် ဇွန် ၂ ရက်က တစ်နာခွဲခန့်ကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံမှုကို စင်ကာပူတွင် ကျင်းပနေသည့် အာရှဒေသ လုံခြုံရေးဆိုင်ရာ အစည်းအဝေး၏ ပြင်ပတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

သုံးနိုင်ငံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွင် ဂျပန်ကာကွယ်ရေးဝန်ကြီးက မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်များနှင့် အဏုမြူလက်နက်များ စွန့်လွှတ်ရေး အစီအစဉ်အတွက် ခိုင်မာသော ခြေလှမ်းများ စတင်ခြင်းမရှိသေးကြောင်း ပြောကြားခဲ့သည်။ လွန်ခဲ့သည့်လအတွင်းက မြောက်ကိုရီးယားနိုင်ငံက ပြုလုပ်ခဲ့သည့် တာတိုပစ် ဒုံးကျည်များ စမ်းသပ်ပစ်ခတ်မှုသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဆုံးဖြတ်ချက်များကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဂျပန်နိုင်ငံက ရှင်းလင်းစွာရှုမြင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယား နိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများ၏ အစည်းအဝေး၌ ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာ အသေးစိတ်ကို မသိရှိရသော်လည်း သုံးနိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများက မြောက်ကိုရီးယား၏ အဏုမြူလက်နက်ဖျက်သိမ်းရေး အလုံးစုံအောင်မြင်ရန်နှင့် ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေးရရှိရေးအတွက် သံတမန်ရေးအရအားထုတ် လုပ်ဆောင်မှုများကို ထောက်ခံသွားရန်နှင့် ယင်းအရေးနှင့်ပတ်သက်၍ သုံးနိုင်ငံ နီးကပ်စွာ အတူတကွ လုပ်ဆောင်ကြရန် အတည်ပြုကြောင်း ယုံကြည်ရသည်။



သုံးနိုင်ငံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး မပြုလုပ်မီ ဇွန် ၁ ရက်တွင် ဂျပန်ကာကွယ်ရေးဝန်ကြီးနှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးတို့ အလွတ် သဘောတွေ့ဆုံခဲ့ပြီး ယင်းတွေ့ဆုံမှုမှာ ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေး၌ တင်းမာမှုများရှိနေစဉ် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ တာဝန်ရှိသူများ တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အီဒလစ်ပြည်နယ်တွင်းရှိ သူပုန်များသိမ်းယူထားသည့် မြို့တစ်မြို့အား ရုရှားလေကြောင်းမှ စီးနင်းတိုက်ခိုက်

**ဒမတ်စကတ် ဇွန် ၂**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ အီဒလစ်ပြည်နယ် ကျေးလက်ဒေသအပိုင်းရှိ သူပုန်များ သိမ်းယူထားသည့် မြို့တစ်မြို့အား ရုရှားလေကြောင်းက ဇွန် ၁ ရက်တွင် စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားပြည်တွင်းစစ် စောင့်ကြည့်လေ့လာသည့် အဖွဲ့တစ်ဖွဲ့က သတင်းထုတ်ပြန်သည်။



အီဒလစ်ပြည်နယ် ကျေးရွာအလက်ပိုင်းရှိ ခန်ရှစ်ဟွန်မြို့အား ရုရှားလေကြောင်းက တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုကြောင့် လူနှစ်ဦးထက်မနည်း သေဆုံးကာ လူလေးဦး ဒဏ်ရာရခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က ပြောကြားသည်။

အီဒလစ်ပြည်နယ် တောင်ပိုင်းဒေသနှင့် အီဒလစ်ပြည်နယ်၏ မြောက်ပိုင်းဒေသအနီးရှိ ဟာမာပြည်နယ်တို့တွင် ဆီးရီးယားအစိုးရ တပ်ဖွဲ့များနှင့် သူပုန်များအကြား အမြောက်အမြားဖြင့် ပစ်ခတ်မှုများနှင့် တိုက်ခိုက်မှုများ ဖြစ်ပွားနေစဉ်တွင် ရုရှားစစ်လေယာဉ်များ၏ စီးနင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းလေကြောင်းမှ တိုက်ခိုက်မှုနှင့် ပတ်သက်၍ သီးခြားလွတ်လပ်သည့် အတည်ပြုမှု ထွက်ပေါ်လာခြင်း မရှိပေ။

ဟာမာပြည်နယ်နှင့် အီဒလစ်ပြည်နယ်တွင်းရှိ ကျေးလက်ဒေသများနှင့် အလက်ပိုပြည်နယ် အနောက်ပိုင်းဒေသများသည် ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်းက ရုရှားနှင့် တူရကီတို့ ရရှိခဲ့သော သဘောတူညီမှုအရ တင်းမာမှုများ လျှော့ချရေးဇုန်အတွင်း၌ ပါဝင်ကြသည်။

အီဒလစ်၊ ဟာမာနှင့် အလက်ပိုပြည်နယ်များ၏ ကျေးလက်ဒေသများနှင့် လာတာတီယာပြည်နယ်၏ တောင်တန်းဒေသများတို့ ပေါင်းစပ်တည်ရှိသည့် တင်းမာမှုလျှော့ချရေးဇုန်အတွင်းမှ သူပုန်တပ်ဖွဲ့များ ဆုတ်ခွာရမည့်အစား အယ်လ်ခိုင်ဒါ အဖွဲ့နှင့် ဆက်စပ်မှုရှိသည့် ဟေယက်မာရီရာ အယ်လ်-ရှမ် (အိတ်ချ်တီအက်စ်) လက်နက်ကိုင်အုပ်စုက အီဒလစ်ပြည်နယ်အတွင်း နယ်မြေချဲ့ထွင်ခြင်းနှင့် ဆီးရီးယားအစိုးရ တပ်ဖွဲ့စခန်းများအား တိုက်ခိုက်ခြင်းကဲ့သို့သော အကြောင်းအရာများ ဖြစ်ပေါ်လာခြင်းကြောင့် တူရကီနှင့် ရုရှားတို့ ရရှိခဲ့သည့် သဘောတူညီမှုမှာ အောင်မြင်ခြင်းမရှိခဲ့ပေ။

တင်းမာမှုလျှော့ချရေးဇုန်အဖြစ် သတ်မှတ်ထားသော ဒေသအတွင်း၌ စစ်ဆင်ရေးများကို ၂၀၁၉ ခုနှစ် ဧပြီလ အနှောင်းပိုင်းတွင် ပြန်လည်စတင်ခဲ့သည်။

**ဆင်ဟွာ**

# အိုင်အက်စ်အဖွဲ့ဝင် ပြင်သစ်နိုင်ငံသားနှစ်ဦးအား အီရတ်တရားရုံးက သေဒဏ်ချမှတ်

**ဘဂ္ဂဒက် ဇွန် ၂**

အိုင်အက်စ်စစ်သွေးကြွအဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည့် ပြင်သစ်နိုင်ငံသားနှစ်ဦးအား အီရတ်တရားရုံးတစ်ခုက သေဒဏ်ချမှတ်ခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

ယခုရက်အနည်းငယ်အတွင်း အိုင်အက်စ်အဖွဲ့ဝင် သေဒဏ်ချမှတ်ခြင်းခံရသူ ပြင်သစ်နိုင်ငံသားအရေအတွက်သည် ကိုးဦးအထိ မြင့်တက်လာခဲ့သည်။ ၎င်းတို့အား ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်ရန် ခွင့်ပြုခဲ့သည်။

ယနေ့သေဒဏ်အမိန့်ချမှတ်ခံခဲ့ရသည့် ပြင်သစ်နိုင်ငံသားနှစ်ဦးသည် ဇန်နဝါရီလက ဆီးရီးယားဒီမိုကရက်တစ်အဖွဲ့က အီရတ်အာဏာပိုင်များလက်သို့ လွှဲပြောင်းပေးခဲ့သည့် ပြင်သစ်နိုင်ငံသား ၁၂ ဦးတွင် ပါဝင်ခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့က အီရတ်နှင့် ဆီးရီးယားနိုင်ငံများရှိ နေရာဒေသအများအပြားအား သိမ်းပိုက်ခဲ့သည့်အတွက်ကြောင့် ယင်းနိုင်ငံများမှ တိုက်ခိုက်ရေးသမား ထောင်နှင့်ချီကာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့သို့ ဝင်ရောက်သွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# အမေရိကန်အနေဖြင့် ထိပ်တိုက်ရင်ဆိုင်မှုများမှ ရှောင်ရှားရန် တရုတ်ကာကွယ်ရေးဝန်ကြီးပြောကြား

**ပေကျင်း ဇွန် ၂**

အမေရိကန်နှင့်တရုတ်နိုင်ငံတို့အကြား ပဋိပက္ခ ဖြစ်ပွားမှုသည် နှစ်နိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက်ပါ အိပ်မက်ဆိုးတစ်ခုဖြစ်သည့်အတွက် တရုတ်ကာကွယ်ရေးဝန်ကြီးက အမေရိကန်ကာကွယ်ရေးဝန်ကြီးအား ကာကွယ်ရေးအရ ထိပ်တိုက်ရင်ဆိုင်မှုများမှ ရှောင်ရှားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်ကာကွယ်ရေးဝန်ကြီး ဝေဖန်ဟီက စင်ကာပူနိုင်ငံတွင်ကျင်းပသည့် ရှန်ဂရီလာဆွေးနွေးပွဲ၏ နောက်ဆုံးနေ့ဖြစ်သော ဇွန် ၂ ရက်တွင် မိန့်ခွန်းပြောကြားရာ၌ အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် ထိုင်ဝမ်နှင့် တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များအပေါ် အမေရိကန်၏ လုပ်ဆောင်ချက်များကို ပြင်းထန်စွာ ကန့်ကွက်ခဲ့သည်။

တောင်တရုတ်ပင်လယ်အရေးတွင် တရုတ်နိုင်ငံ ပါဝင်ပတ်သက်ခြင်းသည် နယ်မြေအရေး အငြင်းပွားရခြင်းကြောင့်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီး ဝေဖန်ဟီက ဆိုသည်။

အမေရိကန် ယာယီကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်က တောင်တရုတ်ပင်လယ်ဒေသအတွင်း တရုတ်နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကား မြှင့်တင်သည့်လုပ်ရပ်များကို ရှုတ်ချပါကြောင်း ပြောကြားခဲ့သည်။

တရုတ်ကာကွယ်ရေးဝန်ကြီး ဝေဖန်ဟီသည် ရှစ်နှစ်အတွင်း ယခုရှန်ဂရီလာဆွေးနွေးပွဲကို တက်ရောက်သည့် ပထမဆုံးတရုတ်ကာကွယ်ရေးဝန်ကြီးတစ်ဦးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# လီဗာပူးအသင်း စပါးအသင်းကို အနိုင်ရပြီး ချန်ပီယံလိဂ်ဖလား ဆွတ်ခူး



စပါးအသင်းနှင့် လီဗာပူးအသင်းတို့သည် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယနေ့နံနက်ပိုင်းက မက်ဒရစ်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက စပါးအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် နှစ်မိနစ်တွင် တိုက်စစ်မှူးမိုဟာမက်ဆာလာက ပင်နယ်တီသွင်းဂိုးဖြင့် တစ်ဂိုးနှင့် ပွဲကစားချိန် ၈၇ မိနစ်တွင် အိုရီဂီကတစ်ဂိုးသွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

လီဗာပူးအသင်းသည် ဥရောပဖလားကို ခြောက်ကြိမ်မြောက်အဖြစ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး နည်းပြကလော့သည် လီဗာပူးအသင်းနှင့် ဥရောပဖလားကို ရယူနိုင်ခဲ့သည့် လေးဦးမြောက်နည်းပြလည်းဖြစ်သည်။ ကလော့မတိုင်မီက လီဗာပူးအသင်းနှင့်အတူ ပိုင်စလေ၊ ဂျိုဖာဂန်၊ ရာဖေးလ်ဘင်နီတက်ဇ်တို့သည်လည်း ဥရောပဖလားကို ရယူနိုင်ခဲ့ကြောင်းသိရသည်။

ထို့ပြင် ဂျာမနီနိုင်ငံသား နည်းပြများထဲတွင်မူ ကလော့သည် ချန်ပီယံလိဂ်ဖလားကို ငါးဦးမြောက်အဖြစ် ရယူနိုင်ခဲ့သည့်နည်းပြဖြစ်ပြီး ကရာမာ၊ ဂျက်ဟေးနက်စ်၊ ဟစ်ဇ်ဖီးလ်၊ ယူဒိုလက်တက်တို့သည်လည်း ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သည့် မိုဟာမက်ဆာလာမှာမူ ဥရောပဖလားပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ငါးဦးမြောက်အာဖရိက ကစားသမားဖြစ်ပြီး မက်ဂျာ၊ အီတူး၊ ဒရော့ဘာနှင့် ဆာဒီယိုမာနေးတို့သည်လည်း ဥရောပဖလားနောက်ဆုံးဗိုလ်လုပွဲတွင် သွင်းဂိုးများသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

# လူကာကူအား ခေါ်ယူရန် ပီအက်စ်ဂျီအသင်း စိတ်ဝင်စားနေ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် မန်ယူအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် လက်ရှိအသင်းတွင် ကစားလျက်ရှိသည့် တိုက်စစ်မှူး ကာဗာနီက အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်သောကြောင့် အစားထိုးကစားသမားအဖြစ် တိုက်စစ်မှူးလူကာကူအား ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးလူကာကူသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၁၅ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်ပြီး ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသူဖြစ်သည်။

နည်းပြကွန်တီသည် လာမည့်ဘောလုံးရာသီတွင် အင်တာမီလန်အသင်းနည်းပြအဖြစ် တာဝန်ယူမည်ဖြစ်ကာ တိုက်စစ်မှူး လူကာကူအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းလည်း သိရသည်။

တိုက်စစ်မှူးလူကာကူသည် အနာဂတ်ကာလတွင် အီတလီစီးရီးအေ၌ ကစားရန်ဆန္ဒရှိနေ ခဲ့ခြင်းကြောင့် မန်ယူအသင်းမှ ထွက်ခွာခွင့်ပြုရန် တောင်းဆိုထားကြောင်း သိရသည်။ ထို့ကြောင့် တိုက်စစ်မှူးလူကာကူအား ပီအက်စ်ဂျီအသင်းနှင့် အင်တာမီလန်အသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားနေခြင်းဖြစ်သည်။ **ငွေကြယ်**




# အာရှ-ပစိဖိတ်ဒေသ လုံခြုံရေးဆိုင်ရာ ဆက်ဆံရေးတိုးမြှင့်ရန် နယူးဇီလန်ကာကွယ်ရေးဝန်ကြီး တိုက်တွန်း

**ဝေလင်တန် ဇွန် ၂**

စင်ကာပူနိုင်ငံတွင် ကျင်းပသည့် ရှန်ဂရီလာညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်တွင် နယူးဇီလန်ကာကွယ်ရေးဝန်ကြီး ရွန်မာ့ခ်က အာရှ-ပစိဖိတ်ဒေသတွင်း ပို၍ခိုင်မာတောင့်တင်းပြီး အဓိပ္ပာယ်ရှိသော လုံခြုံရေးဆိုင်ရာ ဆက်ဆံရေးရရှိရေးအတွက် တိုက်တွန်းလိုက်သည်။

စင်ကာပူနိုင်ငံ၌ ဒဏ်ခံနိုင်ပြီး တည်ငြိမ်အေးချမ်းသောဒေသဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသော ရှန်ဂရီလာညှိနှိုင်းဆွေးနွေးပွဲ၌ နယူးဇီလန်ကာကွယ်ရေးဝန်ကြီး မာ့ခ်က မိန့်ခွန်းပြောကြားရာတွင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ဒေသတွင်း ရာသီဥတုပြောင်းလဲမှု၏ ဂယက်ရိုက်ခတ်မှုအပါအဝင် ပစိဖိတ်ဒေသတွင် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည့် စိန်ခေါ်မှုများအပေါ် နယူးဇီလန်နိုင်ငံ၏ အမြင်နှင့်ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

နယူးဇီလန်ကာကွယ်ရေးဝန်ကြီးသည် ယင်းအစည်းအဝေးအတောအတွင်း ဩစတြေးလျ၊ တရုတ်၊ ကနေဒါ၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောလက်စတေ၊ ဗြိတိန်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများနှင့်လည်း သီးသန့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

အာရှ-ပစိဖိတ်ဒေသအတွင်း လုံခြုံရေးအခြေအနေနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးရန် (၁၈) ကြိမ်မြောက် ရှန်ဂရီလာ ညှိနှိုင်းဆွေးနွေးပွဲကို စင်ကာပူနိုင်ငံတွင် မေ ၃၁ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# အိန္ဒိယတောင်ထိပ်ရှိ ရေခဲလျှောဆင်းမှု လူလေးဦး ကယ်တင်ခဲ့၊ ရှစ်ဦးပျောက်ဆုံးနေဆဲ

**နယူးဒေလီ ဇွန် ၂**

ဟိမဝန္တာတောင်တန်းဒေသတွင် ရေခဲလျှောဆင်းမှုတစ်ခု ဖြစ်ပွားခဲ့ရာ ဗြိတိန်နိုင်ငံသား တောင်တက်သမားလေးဦးကို ကယ်တင်နိုင်ခဲ့သော်လည်း ကျန်ရှစ်ဦးမှာ ယခုအထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အိန္ဒိယအာဏာပိုင်များက ဇွန် ၂ ရက်တွင် ပြောကြားသည်။

အဆိုပါ တောင်တက်သမားများကို ဇွန် ၂ ရက် အစောပိုင်းက အိန္ဒိယနိုင်ငံရှိ အမြင့်ပေ ၇၅၆၄၃ ခန့်ရှိ ဒုတိယအမြင့်ဆုံး တောင်တန်းဖြစ်သည့် နန်ဒါဒေဗီအနီးရှိ စခန်းတစ်ခုတွင် ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ရဟတ်ယာဉ်များဖြင့် ဘေးလွတ်ရာ အရပ်သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ အရေးပေါ်ကယ်ဆယ်ရေး လုပ်သားများသည် ကယ်ဆယ်ရှာဖွေရေး လုပ်ငန်းများကို တောင်ထိပ်များပေါ်တွင် ရဟတ်ယာဉ်များကို အသုံးပြု၍ အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ပျောက်ဆုံးနေသော တောင်တက်သမားများမှာ ဗြိတိန်နိုင်ငံသား လေးဦး၊ အမေရိကန်နိုင်ငံသားနှစ်ဦး၊ ဩစတြေးလျနိုင်ငံသူ တစ်ဦးနှင့် အိန္ဒိယ နိုင်ငံသားတစ်ဦးတို့ ဖြစ်ကြောင်း သိရသည်။ ကယ်တင်ခြင်းခံရသည့် တောင်တက်သမားများသည် ပျောက်ဆုံးနေသော တောင်တက်သမား အုပ်စုထဲတွင် ပါဝင်ခြင်းမရှိသော်လည်း ရေခဲတုံးလျှောဆင်းမှု မတိုင်မီ မေ ၂၆ ရက်အထိ အဆိုပါပျောက်ဆုံးနေသော တောင်တက်သမားများနှင့် ထိတွေ့ဆက်ဆံခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

"သူတို့ဟာ တောင်ကို သီးသန့်စီတက်ကြတာပါ။ ဒါပေမယ့် အခု ပျောက်ဆုံးနေတဲ့အုပ်စုနဲ့ ထိတွေ့မှု တော့ရှိပါတယ်။ ကြီးမားတဲ့ ရေခဲလျှောဆင်းမှုနဲ့ ဆိုးရွားတဲ့ရာသီဥတုဒဏ်က သူတို့ရဲ့အခြေချရာစခန်းကို ရိုက်ခတ်ခဲ့တာကြောင့် အခုလိုဖြစ်သွားတာပါ" ဟု ပီသိုရာဂါ့ခရိုင်ရဲ့အကြီးအကဲ အာရ်စီရာ့ဂျ်ဂူးရုက အေအက်ပ်ပီသတင်းဌာနသို့ ပြောကြားသည်။

သို့သော် မေ ၁၃ ရက်က တောင်တက်ခြင်းလုပ်ငန်းကို စတင်ခဲ့ကြသည့် တောင်တက်သမားများနှင့် ပတ်သက်၍ သေချာသော သတင်းအချက်အလက် မရရှိသေးကြောင်း ရာ့ဂျ်ဂူးရုက ထပ်မံပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**



တောင်တက်သမားအုပ်စု တောင်မတက်မီ တွေ့ရစဉ်။

# တိုင်းပြည်လုံခြုံရေးနှင့် ပြည်သူများ၏ သက်သာချောင်ချိရေးမှာ မိုဒီအစိုးရအဖွဲ့၏ ဦးစားပေးလုပ်ငန်းများဖြစ်

**နယူးဒေလီ ဇွန် ၂**

တိုင်းပြည်၏ လုံခြုံရေးနှင့် ပြည်သူများ သက်သာချောင်ချိရေးမှာ မိုဒီအစိုးရအဖွဲ့၏ အရေးကြီးသော ဦးစားပေးလုပ်ငန်းများဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး အေမက်ရှားက ပြောကြားသည်။

အဆိုပါ ဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရန် အကောင်းဆုံးကြိုးစားသွားမည်ဟု ပြီးခဲ့သည့်စနေနေ့က ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည့် အေမက်ရှားက ပြောသည်။ "တိုင်းပြည်လုံခြုံရေးနဲ့ ပြည်သူတွေရဲ့ သက်သာချောင်ချိရေးက မိုဒီအစိုးရအဖွဲ့ရဲ့ ဦးစားပေးလုပ်ငန်းတွေ ဖြစ်ပါတယ်။ မိုဒီရဲ့ဦးဆောင်မှုအောက်မှာ ဦးစားပေးလုပ်ငန်းတွေကို ဖြည့်ဆည်းပေးဖို့ ကျွန်တော် အကောင်းဆုံးကြိုးစားမှာဖြစ်ပါတယ်" ဟု ၎င်း၏ တွစ်တာ၌ ရေးသားခဲ့သည်။

အသစ်ခန့်အပ်ခံရသည့် အေမက်ရှားသည် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အစိုးရအဖွဲ့၏ အကြမ်းဖက်ဝါဒနှင့်ပတ်သက်၍ လက်မခံသည့် မူဝါဒနှင့်တရားမဝင်လူဝင်မှုကြီးကြပ်ရေး ပြဿနာကို ဦးစားပေးကိုင်တွယ်မည်ဟု မျှော်မှန်းရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုးကား-ပီတီအိုင်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# နောင်ချိုမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂**

မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက် နံနက် ၈ နာရီတွင် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ ကိုလေး(ခ)အေးကို မောင်းနှင်ပြီး မအေးလုံ လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀၊ ဘိန်းစိမ်းတစ်ကီလို၊ ငွေကျပ် ၅၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



ကိုလေး(ခ) အေးကိုနှင့် အေးလုံတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# အရှိန်မထိန်းနိုင်သည့်ယာဉ် လမ်းဖြတ်ကူးသူများအား ဝင်ရောက်တိုက်မိသဖြင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မြောက်သစ်ကျေးရွာ မန္တလေး-မိုးကုတ်သွားကားလမ်း မိုင်တိုင်အမှတ် ၁၈/၇ တွင် ဇွန် ၁ ရက် နံနက် ၉ နာရီက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

သတင်းအရ မတ္တရာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ မတ္တရာမြို့နယ် ဆိပ်သာကျေးရွာနေ မြင့်ဇော်ဦး(ခ)စိုးလွင်ဦး မောင်းနှင်လာသောယာဉ်မှာ အခင်းဖြစ်နေရာအရောက် လမ်းဖြတ်ကူးသူ မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာနေ ဦးမြဝင်းနှင့် အတူနေမြေးများဖြစ်သူ မောင်စိုင်းဟိန်းရန်လင်း(၈)နှစ်၊ မောင်ဟိန်းသန့်ဇော်(၁၀)နှစ်တို့အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးမြဝင်းတွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး မောင်စိုင်းဟိန်းရန်လင်းတွင်လည်း ဒဏ်ရာများရရှိခဲ့သဖြင့် မြင့်ဇော်ဦး(ခ) စိုးလွင်ဦးအား မတ္တရာမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# ထီးချိုင့်မြို့နယ်တွင် အုတ်တင်ယာဉ်တစ်စီး တိမ်းမှောက်

**ထီးချိုင့် ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဧရာဝတီမြစ်ကူးတံတား မောင်းတံဂိတ်အနီးတွင် အုတ်တင်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁ ရက် နံနက် ၇ နာရီခွဲက ယာဉ်တစ်စီးတိမ်းမှောက်နေကြောင်း သတင်းအရ ထီးချိုင့်မြို့မရဲစခန်းမှ ဒုရဲအုပ်အေးအေးသန်း ဦးစီးသော တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ မျိုးဆွေ ထီးချိုင့်မြို့နယ် ကြက်သွန်ခင်းကျေးရွာနေသူ မောင်းနှင်လာသော အုတ်တင်ယာဉ်မှာ ထီးချိုင့်မြို့နယ် ဧရာဝတီမြစ်ကူးတံတား မောင်းတံဂိတ်အနီးအရောက်တွင် တိုက်ရှေ့ပြုတ်ကာ တိမ်းမှောက်သွားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်အားပေါ့ဆစွာမောင်းနှင်သူ မျိုးဆွေအား ထီးချိုင့်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မင်းလှမြို့ အုတ်တွင်းကျေးရွာအနီး တစ်ရက်တည်း ယာဉ်တိမ်းမှောက်မှု နှစ်ကြိမ်ဖြစ်

**မင်းလှ ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အုတ်တွင်းကျေးရွာအုပ်စု အုတ်တွင်းတာဆုံအနီးတွင် ဇွန် ၂ ရက် နံနက် ၁၁ နာရီခွဲက ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် ၉၆/၀ နှင့် ၉၆/၁ အကြား၌ ယာဉ်တစ်စီးတိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည်ကားလမ်းမအတိုင်း လက်ပံတန်းမြို့မှ မင်းလှသို့ ယာဉ်မောင်း မျိုးကျော်အောင်မောင်းနှင်ပြီး မျိုးကိုကိုနှင့် လွှမ်းမိုးတို့ လိုက်ပါလာသည့် ဒိုင်နာယာဉ် မောင်းနှင်နေစဉ် နောက်ပိုင်း ကိုယ်ထည်ပြုတ်ထွက်သွားပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းရှိ သစ်ပင်အားဝင်တိုက်မိရာ ယာဉ်မောင်းနှင့် လိုက်ပါသူနှစ်ဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အလားတူနေရာအနီးတွင် မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မှ အုတ်ဖိုသို့ ယာဉ်မောင်း သက်ထွန်းဦး မောင်းနှင်ပြီး ခရီးသည် ၁၇ ဦး လိုက်ပါလာသော ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်းရှိ သစ်ပင်အားဝင်တိုက်၍ လယ်ကွင်းထဲသို့ တိမ်းမှောက်ခဲ့ရာ လေးဦးစိုးရိမ်ရဒဏ်ရာရရှိပြီး ၁၃ ဦး (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

မင်းလှမြို့ စစ်ကွင်းနယ်မြေရဲစခန်းက ယာဉ်အားမဆင်မခြင်မောင်းနှင်သူ ယဉ်မောင်း သက်ထွန်းဦးအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပေါက်စ (မင်းလှ)**

# တူမီးသေနတ်ဖြင့် မိမိကိုယ်မိမိ ပစ်မိ၍ သေဆုံးမှုဖြစ်ပွား

**အင်းတော် ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စီပိန်းကျေးရွာအနီးတွင် အမျိုးသားတစ်ဦး မိမိကိုယ်မိမိ တူမီးသေနတ်ဖြင့် ပစ်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်က အင်းတော်မြို့နယ် မော်လူးမြို့မရဲစခန်းမှူး ရဲအုပ်ကိုကိုအောင်သည် လူတစ်ဦးတူမီးသေနတ်မှန်၍ သေဆုံးကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ အင်းတော်မြို့နယ် စီပိန်းကျေးရွာနေ သန်းတိုးအောင်(ခ)အောင်သန်းဌေး ဆိုသူသည် အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲခြင်းတို့ကြောင့် မိသားစု ဖြင့်မနေဘဲ ရွာအပြင်တဲအတွင်း နေထိုင်ရင်း တူမီးသေနတ်ဖြင့် မိမိကိုယ်မိမိပစ်မိ၍ သေဆုံးခဲ့သဖြင့် မော်လူးမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**



မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ရွှေပြည်တော်ကျေးရွာ ဓမ္မာရုံ၌ ဇွန် ၂ ရက်က ရုံစည်ကြီးရဲစခန်းမှူး ရဲအုပ်စိုးထွန်းက ကျေးရွာသူကျေးရွာသားများအား သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။ ကိုရဲ

# အရှိန်မထိန်းနိုင်သည့်ယာဉ် လမ်းဖြတ်ကူးသူအား တိုက်မိ

**နေပြည်တော် ဇွန် ၂**

ဥက္ကံမြို့ မင်းရဲကျော်စွာရပ်ကွက်နေ စောလေးဝင်း မောင်းနှင်လာသော ဆိုင်ကယ်သည် ဇွန် ၁ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်-ပြည် ကားလမ်းအတိုင်း မောင်းနှင်လာစဉ် အရှေ့မှအနောက်သို့ လမ်းဖြတ်ကူးသူ သာယာဝတီမြို့နယ် သခင်မျောကျေးရွာနေ ကိုဇော်မျိုးဝင်းအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် စောလေးဝင်းနှင့် ကိုဇော်မျိုးဝင်းတို့နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ဟိုပုံးမြို့နယ်၌ ဖုန်းအားသွင်းစဉ် ဖုန်းပေါက်ကွဲပြီး အမျိုးသမီးတစ်ဦး သေဆုံး

**ဟိုပုံး ဇွန် ၂**

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် နားလုံကျေးရွာ၌ မေ ၃၁ ရက် ည ၁၀ နာရီခွဲက အမျိုးသမီးတစ်ဦး ဖုန်းအားသွင်းစဉ် ပေါက်ကွဲမှုဖြစ်ပြီး မီးလောင်၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာနေ မနန်းခမ်းပျဉ်းသည် မေ ၃၁ ရက် ည ၁၀ နာရီခွဲက အိပ်ခန်းအတွင်း၌ ဆိုလာပြားနှင့်ချိတ်ဆက်ထားသည့် ဘက်ထရီအိုးမှတစ်ဆင့် ဖုန်းအားသွင်းနေစဉ် အပူလွန်ကဲ၍ ဖုန်းပေါက်ကွဲပြီး အိပ်ရာခင်းအား မီးစွဲလောင်ခဲ့ကြောင်း၊ ဖုန်းပေါက်ကွဲမှုကြောင့် ၎င်း၏ခန္ဓာကိုယ်အား ထိခိုက်ပြီး သတိလစ်နေစဉ် အိပ်ရာခင်းမှတစ်ဆင့် မီးစွဲလောင်ကာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# နုပျိုနေဆဲ စာ၊ နယ်၊ ဇင်း ဆရာ

ဆူးငှက်



တကယ်တော့ ကျွန်တော်က လူထုသတင်းစာကို ကောင်းကောင်း မမီပါ။ လူထုသတင်းစာက ၁၉၆၇ ခုနှစ် ဇူလိုင်လ (၇)ရက်နေ့မှာ ရပ်စဲသွားသည်မို့ ထိုစဉ်က ကျွန်တော်အသက်ရှိလှ ခုနစ်နှစ်၊ ရှစ်နှစ်ပေါ့...။ ဆော့ကောင်း ကစားကောင်းတုန်းအရွယ်ပေါ့။ ဒါပေမယ့် အဖေနှင့်ရေစက်ရုံကြီးအနား (ယခု ဗဟိုမီးသတ်) က ဦးကြီးတို့အိမ်သို့ ဥပုသ်နေ့ အလည်အပတ်သွားလျှင် ဖြင့် ဦးကြီးတို့ ဧည့်ခန်း စားပွဲပေါ်မှာ လူထုသတင်းစာကို တွေ့ဖူးနေခဲ့သည်။ လေး ငါး ခြောက်နှစ်သား ကျွန်တော့် အရွယ်နှင့် ထိုစဉ်က လူထုသတင်းစာဆိုဒ် (ယခုထွက်နေသော သတင်းစာများအရွယ်၏ နှစ်ဆ) ဘယ်လိုမှ ကိုင်၍ဖတ်မရနိုင်လေတော့ စားပွဲပေါ်တင်ထားသည့် သတင်းစာခေါက်အတိုင်း မျက်နှာဖုံး၊ ကျောဖုံးအခြမ်း တွေလောက်သာ ကြည့်နိုင်ခဲ့သည်။ မှတ်မိနေတာကတော့ အခါကြီး ရက်ကြီးများ (သင်္ကြန်၊ ကဆုန်လပြည့်၊ ဓမ္မစကြာနေ့၊ သီတင်းကျွတ်လပြည့်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့ ...စသည်)နှင့် ဂုဏ်ဝင်ရက်များ (တော်လှန်ရေးနေ့၊ မေဒေးနေ့၊ အာဇာနည်နေ့၊ ဟီရိုရှီးမားနေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ ...စသည်)တွင် လူထုသတင်းစာမျက်နှာဖုံးက ရောင်စုံပန်းချီကားများဖြင့် သရုပ်ဖော်လေ့ရှိခြင်းဖြစ်သည်။ ကျွန်တော်က ငယ်စဉ်ကတည်းက ပန်းချီကားတွေကို ကြည့်ရတာ... ကူးဆွဲရတာ ဝါသနာပါသည်မို့ ... ထိုသတင်းစာများကို မက်မောနှစ်ခြိုက်နေမိသည်။

**တစ်စောင်တည်းသော သတင်းစာ**

ကျွန်တော်က လူထုသတင်းစာကို မျက်နှာဖုံးပန်းချီများအပေါ် စွဲမက်မှုအခန်းကဏ္ဍနှင့်ပဲ မှတ်မိနေ၏။ အတွင်းက သတင်းတွေ၊ ဆောင်းပါးတွေ၊ ဝေဖန်ရေးတွေဆိုသည်က... နောက် စာဖတ်အား ကောင်းလာချိန်မှ အဟောင်းတွေ ပြန်ဖတ်ပြီး တအံ့တသြဖြစ်ခဲ့ရ၏။ လူပျိုပေါက်အရွယ် စာဖတ်စအရွယ်မှာ ပြန်လည်ထိတွေ့ရတာက ဟံသာဝတီသတင်းစာပဲဖြစ်ပါ၏။ လူထုသတင်းစာနှင့် ဟံသာဝတီသတင်းစာအကြား သတင်းစာ ပြတ်လပ်နေသည့် ငါးနှစ်ဆိုသော သက်တမ်းသည် မန္တလေးအဖို့ အလွန်တရာကြာရှည်သည့် ကာလကြီးတစ်ခုဟု မှတ်ထင်ရသည်။ ထို့ကြောင့် ၁၉၆၉ ခုနှစ် အောက်တိုဘာတွင် စတင်ထုတ်ဝေမည့် ဟံသာဝတီ သတင်းစာကို မန္တလေးသားတွေက အမျှော်လင့်ကြီး မျှော်လင့်ခဲ့သလို ရင်တခုန်ခုန်လည်း စောင့်မျှော်ခဲ့ရသည်။ မျှော်လင့်သည်က သတင်းစာတွေ အပြိုင်းအရိုင်း ထွက်ခဲ့သည့်မြို့မှာ သတင်းစာဆိုလို့ မှုးလို့မှ ရှူစရာမရှိအောင် ဆိတ်သုဉ်းခဲ့သောကြောင့် တစ်စောင်တည်းသောသတင်းစာကို မျှော်လင့်သည်က ... သတင်းစာကို မျှော်လင့်ခြင်းမည်သလို၊ လူထုသတင်းစာနှင့် တစ်လျှောက်လုံး အသားကျ အာသာပြေဂုဏ်ယူခဲ့သော မန္တလေးအဖို့ ... ဟံသာဝတီသည် ထိုချင်ခြင်းကိုပြေပျောက်စေပါ့မလားဟူသော စိုးရိမ်စိတ်ဖြင့်လည်း ရင်ခုန်နေမိခြင်းကြောင့် ဖြစ်ပါ၏။ မန္တလေးအဖို့ကံကောင်းပါ၏။ ဟံသာဝတီ အယ်ဒီတာချုပ် ဦးဝင်းတင်၏ စေတနာ၊ ဝါသနာ၊ အနစ်နာနှင့် သတ္တိ၊ အမြင်ကျယ်မှုများက မန္တလေးပရိသတ်၏ ချင်ခြင်းကို ဟံသာဝတီက ရာနှုန်းပြည့်နီးနီး ဖြည့်ဆည်းပေးခဲ့သည်ဟု ဆိုရပေမည်။ ထို့ကြောင့် မနက်လင်းလျှင် ဆွမ်းခံ ကိုယ်တော်နှင့်အတူ ဟံသာဝတီသတင်းစာက ကျက်သရေမင်္ဂလာရှိခဲ့သည်။ ပဲပြုတ်သည်နှင့်အတူ ဟံသာဝတီသတင်းစာက ဝီရိယကောင်းခဲ့သည်။

**ကျွန်တော်သိမီခဲ့သော ဟံသာဝတီသတင်းစာ**

ကျွန်တော်သိမီခဲ့သော ဟံသာဝတီသတင်းစာကလည်း ကျွန်တော် မြင်ဖူးရုံရှိခဲ့သော လူထုသတင်းစာနှင့် မျိုးဆက်ချင်း တူညီဆက်စပ်သည်ဟု ကျွန်တော် ခံစားရသည်။ ဟံသာဝတီခေါင်းကြီးအရေးအသားနှင့် ရပ်တည်ချက်အများစုလည်း လူထုသတင်းစာနှင့် နွယ်သည်ဟုဆိုရမည်။ ဆောင်းပါးတွေကရော ... ဟံသာဝတီမှာလည်း လူထုဦးလှ၊ လူထုဒေါ်အမာ၊ ဒေါက်တာသန်းထွန်း၊ ဆန်းထွန်း(မန်းတက္ကသိုလ်)၊ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ မောင်သစ်လွင် (လူထု)၊ ကြည်မြ၊ မြမျိုးလွင်၊ ရွှေဥဒေါင်းစသည် ... ။

**၁၉၆၉ ခုနှစ် အောက်တိုဘာတွင် စတင်ထုတ်ဝေမည့် ဟံသာဝတီသတင်းစာကို မန္တလေးသားတွေက အမျှော်လင့်ကြီး မျှော်လင့်ခဲ့သလို ရင်တခုန်ခုန်လည်း စောင့်မျှော်ခဲ့ . . .**

ထို့နောက် ချင်းတွင်းချစ်သွေး ၊ မောင်ဝင်းမောင်(တမ္ပဝတီ)၊ စိန်မြင့်(ရွှေချည်ထိုး)၊ ကံချွန်၊ မြသောင်း (မြောက်ပြင်)၊ ကိုပညာ(အမရပူရ) စသည်။ ကဲ ... လူထုအရောင်၊ လူထုအရိပ် (ဝါ) မန္တလေးအရောင်၊ မန္တလေး အရိပ်တွေပဲ မဟုတ်ပါလား။ နောက် ဟံသာဝတီသတင်းစာမှ အယ်ဒီတာချုပ်နှင့် အယ်ဒီတာအဖွဲ့၊ သတင်းထောက်များ၏ သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးများကလည်း ဒေသစွဲနှင့်ရေးသည်ဟုပဲ ပြောပြော၊ မန္တလေးအရိပ်၊ မန္တလေးအရောင်တွေပဲ ဖြစ်နေသည်။ မန္တလေးသားတွေ ဟံသာဝတီကို ဘယ်နှယ့်မစွဲလမ်းဘဲ နေကြပါ့မလဲ ။ ဟံသာဝတီမှာ တစ်ခန်းကဏ္ဍအဖြစ် ပြောရမည့် ကာတွန်းကလည်း မန္တလေးလက်တွေချည်းဖြစ်နေတာကလည်း မနက်လင်းလျှင် ဟံသာဝတီကို မျှော်ရသည့် အဓိကအချက်ထဲ ပါနေပြန်ပါ၏။

**စာရေးဆရာများနှင့် မြင်ဖူး တွေ့ဖူးလိုခြင်း**

ကျွန်တော်ကတော့ မတောက်တခေါက် စာဖတ်စအရွယ်၊ ဟံသာဝတီနှင့်ကြုံ၊ ဟံသာဝတီ တနင်္ဂနွေအချပ်ပိုကဏ္ဍများမှ သမိုင်း၊ သုတေသန၊ ယဉ်ကျေးမှုနှင့် စာပေဆိုင်ရာ ဆောင်းပါးများနှင့် ကြီးပြင်းစအချိန်မို့ ... ပုဂ္ဂိုလ်ပိုင်းဆိုင်ရာကို ပို၍အလေးပေးနေမိသည်။ ရှင်းလင်းစွာပြောရလျှင် စာရေးဆရာများနှင့် မြင်ဖူးတွေ့ဖူးလိုခြင်း..။ စာရေးဆရာများက အပြင်မှာ ဘယ်သို့ဘယ်ပုံပြုမူနေထိုင် ...၊ ဘယ်သို့ ဘယ်ပုံ ပြောဆိုကြသည်ဆိုသည်ကို အပေါင်းအသင်းများကြား ဦးစွာ သတင်းပေးဖြန့်ဝေ၍ ကြွားဝါလိုခြင်း... ဆိုသည့် ဆန္ဒများပဲ ဖြစ်သည်။ တကယ်တော့ အထက်ဗမာနိုင်ငံစာရေးဆရာအသင်း၏ စာဆိုတော်နေ့ စာတမ်းဖတ်ပွဲများကို ဦးလေးများ၊ အစ်ကိုများ ပုဆိုးစဆွဲပြီး ဘာမှန်းညာမှန်းမသိဘဲ ကလေးအရွယ်က လိုက်သွားဖူးပါ၏။ ဓမ္မဗိမာန်ခန်းမကြီးထဲ ပရိသတ်များကြားက စာရေးဆရာများကို မြင်ဖူးပါ၏။ သို့ပေမယ့် ကလေးအရွယ်မို့ဘာစိတ်ကူး. ...၊ ဘာဆန္ဒ ...၊ ဘာ... အာသီသမှ မရှိခဲ့။ ယခု ဟံသာဝတီသတင်းစာ ဖိုးဝဇီရခန်းမက စနေစာပေဝိုင်းတွေမှာတော့ စာတမ်းများနှင့်အတူ စာရေးဆရာတွေကိုပါ ... ပူးတွဲ၍ စိတ်ဝင်စားမိသည်။ ထို့ကြောင့်လည်း၊ ၁၉၇၀နှင့် ၁၉၈၀ ဝန်းကျင်၊ ကျွန်တော် ခြေဦးလှည့်ဖြစ်သောနေရာတွေက ရုံတော်ကြီး၊ ထိုင်စိန်ကဖေး (စာရေးဆရာတွေ၊ ကာတွန်းဆရာတွေ ထိုင်တတ်တယ် ဆို၍ )၊ ဟံသာဝတီ သက်သာလက်ဖက်ရည်ဆိုင် (စာမူလာပို့သူများနှင့် အယ်ဒီတာများ ထိုင်တတ်သည်ဆို၍)၊ ညဈေးတန်း မြင့်ကြည်အလင်းဆိုင် (ညအယ်ဒီတာများ ထိုင်တတ်သည်ဆို၍).... များဆီ ခြေဦးလှည့် ဖြစ်၏။ နေ့လယ်နေ့ခင်းဆိုလျှင် နဂါးတိုက် (ယခု၊ အောင်သပြေကော်ဇောတိုက်)ရှေ့ပလက်ဖောင်းက အအေးဆိုင်လေးမှာ သုံးမတ်တန် စက်အေးဖျော်ရည်လေးတစ်ခွက် စိမ်ပြေနပြေသောက်ပြီး မျက်နှာချင်းဆိုင် လူထုကြီးပွားရေး စာအုပ်တိုက်ထဲက ထွက်လာနိုင်မည့်၊ ကဗျာဆရာ၊ စာရေးဆရာ ကာတွန်းဆရာ၊ အယ်ဒီတာတွေကို စောင့်မျှော်နေမိသည်။

**လူထုသတင်းစာ၏ အယ်ဒီတာတစ်ဦး**

လူထုဦးလှနှင့် လူထုဒေါ်အမာကိုတော့ ... ကျွန်တော့်အစ်မနှင့် ပတ်သက်ပြီး လူထုတိုက် ဧည့်ခန်းထဲမှာထိ ထိုင်ကာ အစ်မနှင့် စကားပြော မေးမြန်းနေကြသည်ကို တွေ့ရှိမြင်ဖူးခဲ့ပြီးနောက် ကျွန်တော့်ဘဝ၏ အကြီးမားဆုံး ဆန္ဒအာသီသတစ်ခုကို စတင်လမ်းဖွင့်သွားခဲ့သည်ဟု မှတ်ယူရပါမည်။ နောက် အစ်မနှင့် အစ်ကို(ယောက်ဖ)နှင့်ပတ်သက်ပြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)နှင့်လည်း မြင်ဖူးသိဖူးခဲ့ပြီ။ ဤသို့ဖြင့် ... ဆရာတော် ကိုပညာ(အမရပူရ)၊ ဆရာကံချွန်၊ ချင်းတွင်း ချစ်သွေး၊ မောင်ဝင်းမောင် (တမ္ပဝတီ)၊ စိန်မြင့် (ရွှေချည်ထိုး)၊ တက္ကသိုလ်မြင့်နိုင်စသည်...။

မှတ်မှတ်ရရ၊ တစ်ရက်က တမ္ပဝတီရှိ ဦးဝင်းမောင် (မောင်ဝင်းမောင်- တမ္ပဝတီ) အိမ်မှ အစ်မနှင့် နှစ်ယောက်သား ဘတ်စ်ကားနှင့် ပြန်လာကြစဉ် ... ဘတ်စ်ကားနောက်တက်ခုံပေါ်မှ ပုဂ္ဂိုလ်တစ်ယောက်ကို အစ်မက နှုတ်ဆက်လိုက်၏။ ထို့နောက် ထိုပုဂ္ဂိုလ်က တစ်နေရာရောက်တော့ ဘတ်စ်ကားပေါ်က ဆင်းနေရစ်ခဲ့သည်။ အစ်မက ... အဲ့ဒါ မောင်သစ်လွင်(လူထု) လေ...တဲ့။ လူထုသတင်းစာ၏ အယ်ဒီတာတစ်ဦးပေါ့။

**ရွှေဝတ်ရည်တဲ့**

ဤသို့ဖြင့် ၁၉၉၀ ပြည့်နှစ်ဝန်းကျင် စာပေစိတ်၊ နိုင်ငံရေးစိတ် ပဋိပက္ခများအကြား မန္တလေးမြို့မှ ရှားရှားပါးပါး မဂ္ဂဇင်းတစ်စောင်ထွက်ဖို့ပြင်ဆင်နေသည်။ ရွှေဝတ်ရည်တဲ့။ ထိုသတင်းက မြို့ခံစာပေဝန်းကျင်အတွက် ကောက်ရိုးတစ်မျှင်မှသည် မြက်နုတစ်ခင်း၊ သီးကင်းဝေဆာ သစ်ကောင်းတစ်ပင်ပမာ အထိ မျှော်လင့်လာကြ၏။ အဘယ်ကြောင့်ဟူမူ ရွှေဝတ်ရည်၏ ပဲ့ကိုင် မာလိန်မှူးက ဆရာမောင်သစ်လွင် (လူထု) ဟူသောကြောင့်ဖြစ်သည်။ သည်လိုနှင့် ၁၉၇၈ ခုနှစ် ဟံသာဝတီရပ်စဲပြီးနောက်...၊ ၁၉၈၈ အရေးတော်ပုံကာလက ကလောင်မီးပွားများ၊ တဖြန်းဖြန်း တောက်ပခဲ့မှုကာလတို့မှာ ဖြုန်းခနဲ အရှိန်သတ်လိုက်စဉ် မျိုသိပ်ခဲ့ရသည့် အနုပညာတွေကို ရွှေဝတ်ရည် စာမျက်နှာတွေမှာ လိမ္မာသိုသိပ်စွာ ဖွင့်အန်ကြကုန်အံ့ဟူသော အာသီသများဖြင့် မန္တလေးသည် မျှော်လင့်ခဲ့ကြပြန်သည်။ ကဗျာ...၊ဝတ္ထုတို...၊ ဝတ္ထုရှည်၊ ဆောင်းပါးနှင့် ကာတွန်းများ။

**မမျှော်လင့်ဘဲ အရိပ်ခိုခွင့်**

ထိုစဉ်ကာလမှာပဲ ကုန်လွန်ခဲ့သော ဆယ်စုနှစ်များဆီက တဒင်္ဂ ဖျတ်ခနဲသာ တွေ့ခဲ့ရသော ဆရာမောင်သစ်လွင် (လူထု)ထံ ကျွန်တော်မှာ မမျှော်လင့်ဘဲ အရိပ်ခိုခွင့်ရခဲ့လေတော့၏။ တကယ်တော့ ဆရာနှင့်တွေ့စဉ် ကျွန်တော်က ဆောင်းပါးလေးတွေ လေး၊ ငါး၊ ၁၀ ပုဒ်လောက်သာ မဂ္ဂဇင်းတွေထဲမှာ ပါဖူးသေးသောကာလ။ ဆူးငှက်ပင် အတောင်အလက်မစုံသေး...။ ကျွန်တော့်ကို သိကြသည်က ဆောင်းပါးရေးသော ကလောင် ဆန်းကျော်မောင်တဲ့လေ။ သို့သော် ဆရာမောင်သစ်လွင် (လူထု)က ဆရာ့ကို လူထုဦးလှက လူထုသတင်းစာ အလုပ်သင် အယ်ဒီတာဘဝ ရေမကူးတတ်ခင် ရေကန်ထဲ ပစ်ချလိုက်သကဲ့သို့ ဘာမှမဟုတ်သေးသည့် ကျွန်တော့်ဘဝကိုလည်း ဆရာသစ် (မောင်သစ်လွင်-လူထု)က ရွှေဝတ်ရည်ရေကန်ထဲ ဘာမပြောညာမပြော ဝုန်းခနဲ ပစ်ချလိုက်တော့၏။ မသေချင်ရင် ကိုယ့်ဘာသာကူးပေရော့။

**အမှုဆောင်အယ်ဒီတာဟူသော**

အမှုဆောင်အယ်ဒီတာဟူသော မတန်မရာဂုဏ်ပုဒ်ဖြင့် ရောက်သည့် နေ့မှာပဲ ဂယ်လီပရု(ပ်)တွေ ဖတ်ခိုင်း၏။ ပြင်ခိုင်း၏။ (ထိုနေ့မှ ထို ဂယ်လီပရု(ပ်)ဆိုတာ မြင်ဖူးသည်)။ ထို့နောက် သူရှေ့သူ့စားပွဲမှာပဲ သတင်းဆောင်းပါး တစ်ပုဒ်၊ အက်ဆေးတစ်ပုဒ် ရေးခိုင်း၏။ ပြီးတော့ အင်တာဗျူးတစ်ပုဒ် ... ။ ထို့နောက် ကျွန်တော် မတန်တရာ လစဉ်ရေးသားသော ရှားပန်း ကလောင်နှင့် ဝေဖန်ရေးဆောင်းပါး(ပဉ္စမမြောက်အပုဒ်ဖြစ်မည် ထင်သည်) လက်ရေးမူကိုကိုင်ပြီး ကြီးကြီးကျယ်ကျယ် စကားလုံးဗရပွနှင့် (ထိုစဉ်က သုံးနှုန်းသည့်စကားလုံးနှင့် ပြောရလျှင် ခြေသေးတရုတ်မ ခြေပတ်အဝတ်စကဲ့သို့ ရှည်လည်းရှည်၊ နံလည်းနံသော) ကျွန်တော်၏ လူတွင်ကျယ်ဝေဖန်ရေးဆောင်းပါးကို ဆရာသစ်ကိုယ်တိုင် လက်သမားသုံး နီပြာတံ (ထိုစဉ်က အယ်ဒီတာများ လက်စွဲ)ကြီးနှင့် တစ်ကြောင်းဖတ်၊ မလိုတာ ခဲနီခြစ်၊ နှစ်ကြောင်း

စာမျက်နှာ ၂၁ သို့

# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန် အမိန့်။

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှု မရှိစေရန်အလို့ငှာ လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်စေခြင်းမရှိဘဲ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်သော ပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်းမှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်၊

(၄) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသောပစ္စည်းများ ပြုလုပ်ရာတွင် အဓိကအသုံးပြုသော ပစ္စည်းကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းမှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၃) နှင့် (၄) တို့အရ အမိန့်တစ်ခုခုကို ချမှတ်ရန်စဉ်းစားရာတွင် အဆိုပါ အမိန့်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်မှုအတိုင်းအတာကို အချိုးညီစွာ ချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်ပြီး အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၇၇။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန် တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့ တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် လျှောက်ထားခံရသူကို လျှောက်ထားသူက လျော်ကြေးပေးရမည့်အပြင် လျှောက်ထားခံရသူ၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၇၈။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူက ယင်း၏ တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာ ဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့၏ အပြန်အလှန်စွပ်စွဲငြင်းဆိုသည့် အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့်ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်-

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သော အချိန်ကာလအတွင်း လိုအပ်သော သတင်းအချက်အလက်ကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်။

၇၉။ မူပိုင်ခွင့်တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်တွင် ငွေဒဏ်ချမှတ်ခဲ့ပါက ယင်းချမှတ်သော ငွေဒဏ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း နစ်နာကြေးအဖြစ် နစ်နာသူအားပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၈၀။ တရားစွဲဆိုရန် အကြောင်းတစ်ရပ်တည်းကို အခြေပြု၍ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့်စွဲဆိုပါက မူပိုင်ခွင့်တရားရုံးသည် တရားမမှုတွင် ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးပေးစေရန် စီရင်ချက်၊ အမိန့်နှင့် ဒီကရီချမှတ်သည့်အခါ ပုဒ်မ ၇၉ အရ ချမှတ်သည့် ငွေဒဏ်မှ နစ်နာကြေးအဖြစ်ပေးခဲ့သော ငွေကြေးကို ခုနှိမ်ပေးရမည်။

၈၁။ မူပိုင်ခွင့်တရားရုံးသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၂၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၈၂။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းအောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်-

(က) အခွင့်အရေးရရှိသူ၏ သဘောတူခွင့်ပြုချက်မပါဘဲ စီးပွားရေးအလို့ငှာ-

(၁) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးအကာအကွယ်ပေးခံရသည့် လက်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းနှင့် အများပြည်သူသို့ဖြန့်ချိခြင်း၊

(၂) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများကို လက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားခြင်း၊

(၃) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခြင်း၊

(၄) ပုဒ်မ ၄၃ နှင့် ၄၄ တို့ပါ တားမြစ်ထားသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

(ခ) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသောပစ္စည်းများ ထုတ်လုပ်ရာတွင် အဓိကအသုံးပြုလျက်ရှိသော ပစ္စည်းကိရိယာတန်ဆာပလာ တစ်ခုခုကို လက်ဝယ်ပိုင်ဆိုင်ခြင်း။

၈၃။ မည်သူမဆို ပုဒ်မ ၈၂ ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် အဆိုပါပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံး ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၈၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်-

(က) စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လက်မှတ် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်စာရင်း သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာမှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း။

၈၅။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပူးပေါင်းပါဝင်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

## အခန်း (၂၄)
## အထွေထွေ

၈၆။ ဤဥပဒေအရ အကာအကွယ်ပေးသည့် သက်တမ်းကုန်ဆုံးသွားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာကို အများပြည်သူပိုင်ဟု မှတ်ယူရမည်။ ထိုအများပြည်သူပိုင်လက်ရာကို မည်သူမဆို မူလလက်ရာရှင်၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ခွင့်ပြုချက်မလိုဘဲ လွတ်လပ်စွာအသုံးပြုနိုင်သော်လည်း စာပေ သို့မဟုတ် အနုပညာလက်ရာကို အသုံးပြုသူသည် မူလလက်ရာရှင်၏ အမည်နှင့် ဂုဏ်သိက္ခာဆိုင်ရာ အခွင့်အရေးကို ထိခိုက်ခြင်း မရှိစေရ။

၈၇။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် The Myanmar Copyright Act, 1914 အရ သက်တမ်းမကုန်ဆုံးသေးသော စာပေနှင့်အနုပညာမူပိုင်ခွင့်သည် ဤဥပဒေတွင် သတ်မှတ်ထားသည့် စာပေနှင့် အနုပညာမူပိုင်ခွင့် သက်တမ်းနှင့်အညီ စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ဆက်လက်ခံစားခွင့်ရှိရမည်။

၈၈။ ဤဥပဒေအာဏာမတည်မီက ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းများ၏ ဆက်နွှယ်သည့် အခွင့်အရေးသည် ဤဥပဒေ အခန်း (၁၄) တွင် သတ်မှတ်ထားသည့်သက်တမ်းနှင့်အညီ ခံစားခွင့်ရှိရမည်။

၈၉။ ဤဥပဒေပြဋ္ဌာန်းချက်များသည် ဥပဒေအာဏာ စတင်သက်ရောက်မည့်နေ့မတိုင်မီက စာချုပ်ချုပ်ဆိုခဲ့သော လက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များနှင့် ထုတ်လွှင့်ခြင်းတို့အတွက် စာချုပ်စာတမ်းအပေါ် သက်ရောက်မှုမရှိစေရ။

၉၀။ ဤဥပဒေအာဏာသက်ရောက်သည့်နေ့မတိုင်မီ စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ပြုလုပ်ထားသော မိတ္တူများကို ဥပဒေအာဏာသက်ရောက်သည့်နေ့မှ နှစ်နှစ်အတွင်း စာပေနှင့် အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ ပြည်သူလူထုသို့ ဖြန့်ချိခွင့်ပြုနိုင်သည်။

၉၁။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပြီး တံဆိပ်ရိုက်နှိပ်ထားသော စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်လက်မှတ်မိတ္တူ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာမူပိုင်ခွင့်တရားရုံးတွင် သက်သေခံအဖြစ်တင်ပြခွင့်ရှိသည်။

၉၂။ မူပိုင်ခွင့်တရားရုံးသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်ခြင်းနှင့်သက်ဆိုင်သော ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်၊ ဖျက်ဆီးစေရန် သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန် သင့်လျော်သည် ထင်မြင်သည့် စီမံခန့်ခွဲမှုအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

၉၃။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က) တွင် မည်သို့ပင်ပါရှိစေကာမူ စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ လက်ရာကို ပြည်သူလူထု၏ လုံခြုံရေးနှင့်အုပ်ချုပ်ရေး၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ စာအုပ်စာတမ်းများ သို့မဟုတ် သင့်လျော်သော ဆောင်ရွက်ချက်များအတွက် နိုင်ငံတော်မှ အသုံးပြုနိုင်သည်။

၉၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဟု သတ်မှတ်သည်။

၉၅။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၉၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့် အေဂျင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၉၇။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၉၈။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၉၉။ ဝန်ကြီးဌာနသည် အေဂျင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ၎င်း၏ မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၀၀။ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ဗဟိုကော်မတီနှင့်အေဂျင်စီတို့သည် မူပိုင်ခွင့် ဥပဒေအားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

၁၀၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည်-

(၁) နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အကောက်ခွန်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေသော ဝန်ကြီးဌာနသည် အကောက်ခွန်ဆိုင်ရာနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ဃ) အေဂျင်စီနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၁၀၂။ The Myanmar Copyright Act, 1914 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ကျေးလက်မီးလင်းရေးလုပ်ငန်းကို နိုင်ငံတော်၏ အဓိကဦးစားပေးလုပ်ငန်းအဖြစ်ဆောင်ရွက်

**ရေနံချောင်း ဇွန် ၂**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စည်ပင်ရွာသစ်ကျေးရွာ၊ စည်ပင်တပ်ပိုးကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စည်ပင်ရွာမကျေးရွာတွင် ဆိုလာအသေးစားဓာတ်အားပေးစနစ် (Solar Mini-grid) ဖွင့်ပွဲကို ဇွန် ၁ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က ရေနံချောင်းမြို့နယ် စည်ပင်ရွာသစ်ကျေးရွာ၌ ကျင်းပသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ယခုဆောင်ရွက်သည့် ဆိုလာအသေးစားဓာတ်အားပေးစနစ်မှာ မီးအလင်းရောင်အတွက်သာမက ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစားကုန်ထုတ်လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများကိုပါ ကျွဲကူးရေပါဆိုသလို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည့်အတွက် ယင်းအသေးစားကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း သက်ဆိုင်ရာဌာနများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မြန်မာနိုင်ငံတွင် ကျေးလက်လူဦးရေ၏ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်မီးသုံးစွဲနိုင်သေးကြောင်း၊ ကျန် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများသည် လျှပ်စစ်မီးရရှိရန် အထူးမျှော်လင့်တောင့်တလျက်ရှိနေကြကြောင်း၊ သို့ဖြစ်၍ ကျေးလက်မီးလင်းရေးလုပ်ငန်းကို နိုင်ငံတော်၏ အဓိကဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ဆိုလာအသေးစား ဓာတ်အားပေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



အဆိုပါ ဆိုလာအသေးစားဓာတ်အားပေးစနစ် (Solar Mini-Grid) မီးလင်းရေးလုပ်ငန်းကို အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) အစီအစဉ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီမှ ၂၀ ရာခိုင်နှုန်းနှင့် ကျေးရွာပြည်သူလူထုမှ ၂၀ ရာခိုင်နှုန်း ထည့်ဝင်ငွေဖြင့် Mega Global Green Automation Co.,LTD မှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပြီး ဆိုလာအသေးစားဓာတ်အားပေးစနစ်ကြောင့် ရေနံချောင်းမြို့နယ် စည်ပင်ရွာသစ်၊ စည်ပင်တပ်ပိုးကျေးရွာနှင့်ကျောက်ပန်းတောင်းမြို့နယ် စည်ပင်ရွာမကျေးရွာများရှိအိမ်ခြေ ၃၂၂ အိမ် အိမ်ထောင်စု ၃၉၃ စုမှ လူဦးရေ ၁၆၆၅ ဦးတို့အတွက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ (ကျောက်ပန်းတောင်း)**

## ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်

**ဒီးမော့ဆို ဇွန် ၂**

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမကျန်ရှိစေရေးအတွက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ လိုက်ပါ၍ဇွန် ၁ ရက် နံနက် ၁၀ နာရီက ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ငွေတောင်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အစိုးရ တာဝန်ယူသော သုံးနှစ်တာကာလအတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ မြို့သုံးမြို့ကို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် အလေးပေးဆောင်ရွက်လျက်ရှိကာ ကျေးရွာချင်းဆက်လမ်းများကို ဒုတိယဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် ငွေတောင်၊ ထေးထူဖျ၊ အောင်ချမ်းသာ၊ ဒေါင်ရောက်၊ ညောင်ကုန်း၊ ဒေါခလိုက်လင်း၊ ဒေါကလိုးချူ၊ ပါဒေါဒူနှင့် ဒေါပေါ်ကလဲကျေးရွာတို့မှ ပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကိုတင်ပြဆွေးနွေးကြပြီး တင်ပြချက်အပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ရီရယ်(ဒီးမော့ဆို)**

## မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး ဒလမြို့နယ် ပညာရေးကျောင်းဖွင့်ပွဲတက်ရောက်

**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး Mr.Bhim Udasသည်ဇွန်၁ရက်နံနက်၁၀နာရီက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဗညားဒလရပ်ကွက် အမှတ်(၁၂၄၄) ရှိ Samata School ပညာရေးကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး Mr.Bhim Udas၊ မြန်မာနိုင်ငံဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ် Mr.Sagar Ghimire၊ Samata School Founder and Chairman မှ Mr.Uttam Kumarr Sanjel၊ အမှတ် (၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိဇေယျနော်ရထာခန်းမ၌ Samata School ပညာရေးကျောင်းဖွင့်ပွဲအခမ်းအနား ကျင်းပရာ သံအမတ်ကြီးက “နီပေါနိုင်ငံ၌ Samata ကျောင်းပေါင်း ၇၈ ကျောင်းနှင့် ကျောင်းသား ကျောင်းသူ ၄၀၀၀၀ ကျော်အား ပညာသင်ကြားပေးလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၌ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၌ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ပထမဦးဆုံး Samata School ကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

Samata School ၌ မူကြိုနှင့် KG အဆင့်ရှိ ကျောင်းသား ကျောင်းသူ ၆၃ ဦးတို့တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**





## ကရင်ပြည်နယ်ဝန်ကြီးချုပ် သစ်ပင်စိုက်ပျိုးပွဲတက်ရောက်

**မြဝတီ ဇွန် ၂**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ မြဝတီမြို့ မဲကနယ်ကျေးရွာတွင် ဇွန် ၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် KNU ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့က ပျိုးပင်များပေးဝေရာ ကျေးရွာပြည်သူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများက ပျိုးပင် မန်ကျည်းရှား ၁၆၀၀၊ မာလကာ ၅၀၀၊ မန်ကျည်း ၅၀၀၊ ပေါက်ပန်းဖြူ ၃၀၀၊ မျှင်ဝါး ၅၅၀၊ ဝါးပိုးဝါး ၁၀၀၊ ခရေ ၁၀၀၊ ဗာဒံပင် ၁၀၀၊ ကျွန်း ၂၀၀ နှင့် တရုတ်တည် ၁၀၀ စုစုပေါင်းပျိုးပင် ၃၉၆၀ အား စုပေါင်း စိုက်ပျိုးကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မဲကနယ်ကျေးရွာ တိုးချဲ့အိမ်ရာ စီမံကိန်းအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုဖွင့်လှစ်မည့် မူကြိုကျောင်း၊ ယာယီကျေးလက်ဆေးပေးခန်းနှင့် ယာယီစာသင်ကျောင်းဆောင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## စွန့်ပစ်ခံကလေးတစ်ဦးအား ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ ပို့ဆောင်



**ဖျာပုံ ဇွန် ၂**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ဘုရင့်နောင်လမ်း၌ စွန့်ပစ်ထားခဲ့သော ရက်သားအရွယ် ကလေးငယ်အား ဖျာပုံမြို့နယ် ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ မေ ၃၁ ရက်က ပို့ဆောင်ပေးလိုက်ကြောင်းသိရသည်။

မေ ၁၈ ရက် ညနေပိုင်းက ဖျာပုံမြို့အမှတ် (၉) ရပ်ကွက် ဘုရင့်နောင်လမ်း၌ ရက်သားအရွယ် ကလေးငယ်တစ်ဦး စွန့်ပစ်ထားသည်ကို တွေ့ရှိရာ ကလေးငယ်အား ကျန်းမာရေးစောင့်ရှောက်မှုပြုပေးရန် ဖျာပုံဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

ယင်းကလေးငယ်အား ဆက်လက်ပြုစုစောင့်ရှောက်ရန် တိုင်းဒေသကြီး ရင်ခွင်မဲ့ကလေး လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်ပြုံးပြုံးအေး၊ မြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါ်ခင်မိုးဆွေနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ဖျာပုံဆေးရုံကြီးမှ တစ်ဆင့် ရန်ကုန်မြို့ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်ရေးအသင်းများအနေဖြင့် စွန့်ပစ်ကလေးများ မရှိစေရေး ရင်ခွင်မဲ့ကလေးလျော့ကျလာအောင် ဆွေးနွေးအကြံပြုခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါကအလှူရှင်များ၏ အကူအညီဖြင့် ဒေသအတွင်း ရင်ခွင်မဲ့ကလေး လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်နေသည့် လူမှုရေးအသင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## ရပ်ကွက်ချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

**ပဲခူး ဇွန် ၂**
ပဲခူးမြို့နယ် ကမာနတ်ကျေးရွာတွင် ရပ်ကွက်ချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးညွန့်ရွှေက ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ရပ်ကွက်ချင်းဆက်ကွန်ကရစ်လမ်းဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါလမ်းသည် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကမာနတ် ကျေးရွာအုပ်စုအတွင်းရှိ ရပ်ကွက်(၁) နှင့် ရပ်ကွက်(၂) ဆက်သွယ်သော လမ်းဖြစ်ပြီး အရှည်ပေ ၁၃၉၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ကျပ် ၁၀ သန်းနှင့် ပြည်သူများ၏ ထည့်ဝင်ငွေ ၉ ဒသမ ၀၅ သန်း စုစုပေါင်း ကျပ် ၁၉ဒသမ ၀၅ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

**တင်စိုး(ပဲခူး)**

တိုတိုထွာထွာဖတ်စရာ

### အရေးပေါ်အခြေခံအသက်ကယ်သင်တန်းဆင်းပွဲကျင်းပ

**မူဆယ်**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင်အခြေခံအသက်ကယ်သင်တန်းဖြစ်မြောက်ရေးဦးစီးကော်မတီနှင့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များက ကြီးမှူးကျင်းပသောနာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် ကျော်သူပရဟိတကွန်ရက်အဖွဲ့၏ လူထုအခြေပြု ရှေးဦးကူညီသူများအတွက် လျှပ်တစ်ပြက်အရေးပေါ်အခြေခံအသက်ကယ်သင်တန်းဆင်းပွဲနှင့် စာပေ၊ ပရဟိတ ဟောပြောပွဲအခမ်းအနားကို မေ ၃၁ ရက် ညနေ ၆ နာရီက မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အရေးပေါ်အသက်ကယ်ဆယ်ရေးအသင်းဥက္ကဋ္ဌ ဦးကျော်သန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။ နာရေးကူညီမှုအသင်း ဦးဆောင်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ အကယ်ဒမီကျော်သူက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး 'ဗြဟ္မစိုရ်ခြေလှမ်းခေါင်းစဉ်' ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။ **ဆလိုင်းဗန်ရိုးထန်(မြန်/ဆက်)**

### မြို့သစ်မြို့နယ်တွင် မျိုးစေ့နှင့် ပျိုးပင်များထောက်ပံ့

**မြို့သစ်**
မကွေးခရိုင် မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းနှင့်အတူ သီးနှံမျိုးစေ့များ ထောက်ပံ့ပေးခြင်းကို ဇွန် ၁ ရက် နံနက် ၉ နာရီက ပုလင်းကြီးကျေးရွာ၌ ပြုလုပ်သည်။

ထို့နောက် ပုလင်းကြီး၊လုလင်နှင့် တလုပ်ပင်ကျေးရွာတို့မှ အိမ်ခြံမြေစိုက်ပျိုးသည့် မိသားစု ၈၅ စုအတွက် ကျန်းမာရေးအထောက်အကူပြုဆေးဖက်ဝင် စိုက်ပျိုးသီးနှံ ပျိုးပင်များဖြစ်သည့် ပေါက်ပန်းဖြူပင် ၂၅၀၊ ဒန့်သလွန်ပင် ၁၅၀၊ ကင်ပွန်းချဉ်ပင် ၁၅၀၊ သဘော်ပင် ၁၀၀၀ နှင့် မိုးရာသီစားဖိုဆောင် သီးနှံ ခုနစ်မျိုးပါရှိသည့် မျိုးစေ့ထုပ် ၅၉ ထုပ်ကို ကျေးရွာနေပြည်သူများအား ထောက်ပံ့ပေးခဲ့ကာ သဘာဝမြေဆွေးကျင်းတူးဖော်ခြင်းလုပ်ငန်းအား လက်တွေ့ပြသပေးသည်။ **ဇော်ဇော်(မြန်/ဆက်)**

## ပေါင်မြို့နယ်တွင် လယ်ယာဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက်စကားဝိုင်း ကျင်းပ

**ပေါင် ဇွန် ၂**
လယ်ယာဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက်စကားဝိုင်းကို မေ ၃၁ ရက် နံနက်ပိုင်းက ပေါင်မြို့နယ် ပန်းကုန်းကျေးရွာ သင်ပေါင်းချောင်း ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဇော်ထူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကိုကို၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းလွင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်လတ်၊ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဒေါ်ယုယုခိုင်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဒေါ်ကြူကြူခိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထွန်းထွန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဦးကျော်သိန်းတို့က ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ကိုဟိန်း (ပေါင်)**



မြေဆီလွှာထိန်းသိမ်းရေးအတွက် နောင်ချိုမြို့နယ် လုံဝယ်တောင်ကြောတစ်လျှောက်တွင် ဗာတီဗာမြက်စိုက်ပျိုးရန် ဇွန် ၁ ရက်က ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများနှင့်ပူးပေါင်း၍ တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်ကြစဉ်။ **စိုင်း (သီပေါ)**



## အညာမြေမှာဆင်ကာနွဲ့ နွားပြိုင်တဲ့ပွဲ

**စလင်း ဇွန် ၂**
ယခင်အထက်တန်းဆင့် ပင်ရင်းမြန်မာစာ ပြဋ္ဌာန်းစာအုပ်တွင် စာရေးဆရာသိပ္ပံမောင်ဝ ရေးသားသည့် 'အညာဘုရားပွဲ' ဆောင်းပါးပါ ဘုရားသည် စလင်းမြို့ရှိ 'ကုသိနာရာမရှင်ပင်ရွှေပြည်အေး' ဘုရားပွဲတော်အကြောင်း ရေးသားထားခြင်းဖြစ်သည်။

ဘုရားပွဲတော်ကို နှစ်စဉ် ကဆုန်လပြည့်နေ့မှ နယုန်လပြည့်နေ့အထိ ကျင်းပလျက်ရှိပြီး ဒေသတွင်း ပျော်ပွဲရွှင်ပွဲအဖြစ် ဇွန် ၁ ရက်က ဘုရားဝင်းအတွင်း ကျင်းပသည်။

တောင်သူကြီးများအနေဖြင့် မိမိတို့ခိုင်းနွားများကို နွေအကုန် မိုးအကူး မိုးဦးမကျခင် မိုးစပါးအတွက် လယ်ယာလုပ်ငန်းခွင် မဝင်မီ အားလပ်လျက်ရှိရာ တိုက်ဆိုင်စွာ ကျင်းပလျက်ရှိသော ဘုရားပွဲတွင် ရိုးရာယဉ်ကျေးမှုမပျောက်စေရန် နွားများ၏ စွမ်းရည်၊ နွားမောင်းသူ၏ စွမ်းရည်၊ နွားကောင်းများ၏ ကြန်အင်လက္ခဏာနှင့် နွား၏ အဝအလှပြသရန် နွားလှည်းယဉ်နှင့် နွားအလှပြိုင်ပွဲကို ထည့်သွင်းကျင်းပခြင်းဖြစ်သည်။

ယခုအခါ နွားအလှပြိုင်ပွဲစည်းကမ်းအရ နွားအကြီး၊ အငယ်အလှပြေးပြိုင်ပွဲ၊ လှည်းယဉ်မောင်းပြိုင်ပွဲ၊ တစ်ကောင်ချင်း လှည်းတပ်၍ သမင်ပြေး၊ ရှဉ်းစုံအတိုင် နွားသမင်ပြေး၊ အလှည့်နွားစကျပြေးသတ်မှတ်၍ ခြေမချိုး၊ လက်မချိုး၊ သုံးချောင်းထောက်၊ ကဆုန်ထိုး၊ ဝဲပြန်ကြ၊ ကြက်ပြေးစသည်ဖြင့် ပြိုင်ကြပြီး ဇရစ်ခုန်မပါရပါလျှင် ပြစ်မှတ်ပေးသည်။ လမ်းကူးတိုင်တိုး ကြိုးကျ၊ နှင်တံကျ မဖြစ်စေရဖြစ်လျှင် အရှုံးပေးရသည်။

နွားပြိုင်ပွဲဒိုင်အဖွဲ့က ပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်ရန်၊ တောင်သူကြီးများနှင့် ပွဲတော်လာပြည်သူများ ပျော်ပွဲရွှင်ပွဲဖြစ်စေရန် ဘုရားပွဲတော်စည်ကားပြီး ဈေးရောင်း၊ ဈေးဝယ်ကောင်းစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောသည်။

**စိုးမိုးသူ (စလင်း)**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



## မြို့ပတ်ကမ်းနားလမ်း ကွန်ကရစ်ခင်းရန်ပြင်ဆင်

**မန္တလေး ဇွန် ၂**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့တွင်းလမ်းများ၊ မြို့အဝင်လမ်းမကြီးများနှင့် မြို့နယ်အလိုက် လမ်းများအား တိုးချဲ့၍ ထပ်ပိုးလွှာခင်းခြင်း၊ နိုင်လွန်ကတ္တရာလမ်းများခင်းခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ခင်းကျင်းပေးလျက်ရှိသည်။

မန္တလေးမြို့ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ယာဉ်သုံးစွဲမှုများပြားလာရာ ယာဉ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး၊ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် အောင်မြေသာစံမြို့နယ်ရှိ ဧရာဝတီမြစ်ဘေးမြို့ပတ်ကမ်းနားလမ်းအား ၂၂ လမ်းမှ အောင်ချမ်းသာရပ်ကွက် နည်းပညာတက္ကသိုလ်(မန္တလေး)အထိ အရှည်ပေ ၁၂၈၀၀၊ အကျယ် ၂၄ ပေ၊ လမ်းပခုံးသားတစ်ဖက် သုံးပေ စုစုပေါင်းပေ ၃၀ အကျယ် အထူ ရှစ်လက်မရှိ ကွန်ကရစ်လမ်းမကြီး ခင်းကျင်းရန် အောက်ခံမြေသား တည်ငြိမ်မှုရှိစေရေး ဇွန် ၁ ရက်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ စက်ယန္တရားကြီးများဖြင့် ကျောက်မြေများဖို့၍ မျက်နှာပြင်ညီညာစေရေးဆောင်ရွက်လျက်ရှိသည်။

မြို့ပတ်ကမ်းနားလမ်းသို့ သီရိမန္တလာ ယာဉ်ရပ်နားစခန်းမှ သပိတ်ကျင်း- မိုးကုတ်- ထီးချိုင့်- ဗန်းမော်- မိုးမိတ်ပြေးဆွဲသော ခရီးသည်တင်ယာဉ်များ၊ မရမ်းခြံဆိပ်ကမ်းမှကုန်တင်ယာဉ်များ သွားလာမှု များပြားကြောင်းသိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## ပခုက္ကူတံတား အထူးအဖွဲ့(၃) မှ တံတားအသစ်များတည်ဆောက်

**ပွင့်ဖြူ ဇွန် ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၅) မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် နှစ်လမ်းသွား သံကူကွန်ကရစ်ပေ ၁၃၀၀ အရှည်ရှိမုန်းချောင်းတံတား (ပွင့်ဖြူ)ကို တည်ဆောက်ပေးခဲ့ရာ ယခုအခါ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မုန်းချောင်းတံတား(ပွင့်ဖြူ) တည်ဆောက်ပြီးသွားသဖြင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ပိုမိုအဆင်ပြေ ချောမွေ့လာပြီဖြစ်ကြောင်း သိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး ပခုက္ကူတံတားအထူးအဖွဲ့(၃) မှ သရက်-မင်းလှလမ်းပေါ်ရှိ အရှည်ပေ ၂၅၀ ရှိ ကုန်ကြီးတံတားကိုလည်း တည်ဆောက်လျက်ရှိရာ စက်တင်ဘာလတွင် အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဂန့်ဂေါမြို့နယ် တောင်ခင်ရန်း သာလင်း-မြစ်သား ကျေးလက်လမ်းပေါ်ရှိ အရှည်ပေ ၈၁၀ ရှိ သာလင်း-မြစ်သားမြစ်သာ မြစ်ကူးတံတားမှာလည်း စက်တင်ဘာလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူတံတားအထူးအဖွဲ့(၃)က တာဝန်ယူ တည်ဆောက်ခဲ့သည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား-မကွေးလမ်းပေါ်ရှိ အရှည်ပေ ၃၆၀ ရှိ လိပ်ကန်တံတား၊ နေပြည်တော်-တောင်ညို -မြို့သစ် -ကန်ပြား- မကွေးလမ်းပေါ်ရှိသံပုရာ ကွင်းတံတား၊ တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ်ရှိခရမ်းခင်းတံတားနှင့် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ်ရှိ ရွှေပန်းပင်ချောင်းတံတားတို့မှာလည်း ဆောက်လုပ် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **တင်လှိုင် (မိတ္ထီလာ)**



## မိတ္ထီလာမြို့နယ် မုန်တိုင်ချောင်းအားဖြတ်သန်းဆောက်လုပ်ထားသည့် နတ်စင်တံတားဖွင့်ပွဲအခမ်းအနားကျင်းပ

**မိတ္ထီလာ ဇွန် ၂**

မိတ္ထီလာမြို့နယ် မုန်တိုင်ချောင်းအားဖြတ်သန်းတည်ဆောက်ထားသည့် နတ်စင်တံတား ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီက အဆိုပါတံတားမုခ်ဦး၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းက အမှာစကားပြောကြားပြီး တံတားအလှူရှင် ကျောက်ဖြူကုန်းကျေးရွာမှ ဗိုလ်ကြီးသောင်းမြင့်(ငြိမ်း)က တံတားပြန်လည်တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

ကျောက်ဖြူကုန်းကျေးရွာအုပ်စုနှင့် ဂဠုန်ကုန်းကျေးရွာအုပ်စုသို့ ဆက်သွယ်ထားပြီး အရပ်ခေါ် နတ်စင်တံတားအား ကျောက်ဖြူကုန်းကျေးရွာက ဗိုလ်ကြီးသောင်းမြင့်(ငြိမ်း)မိသားစုက အရှည် အလျားပေ ၈၀၊ အနံ ၁၅ ပေရှိ သစ်သားတံတားအား ရေရှည်အသုံးပြုနိုင်စေရန်အတွက် သံထည် (Steel Structure) များဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် တံတားပေါ်တွင် ဆိုလာမီးတိုင်လေးတိုင် စိုက်ထူခဲ့ကြောင်း တံတားအလှူရှင်ဖြစ်သူ ဗိုလ်ကြီးသောင်းမြင့်(ငြိမ်း)က ပြောကြားသည်။

အဆိုပါ တံတားကိုကျောက်ဖြူကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျောက်ဖြူကုန်း၊ အုတ်နဲ့ဘုတ်၊ အင်းပက်လက်ကျေးရွာများနှင့် ဂဠုန်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ရှင်မြို့ လက်ပံခါးကော့၊ ရွာမ၊ ဂဠုန်ကုန်း၊ အုတ်မြေကန်ကျေးရွာများမှ ဒေသခံများ နေ့စဉ် နေ့ ည မပြတ် အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## နှမ်းနှင့် နေ့စပါးစံပြကွက် စိုက်ပျိုးတောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

**ပွင့်ဖြူ ဇွန် ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ နွေနှမ်းနှင့် နွေစပါးစံပြကွက် စိုက်ပျိုးတောင်သူများအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ယူရီးယားဓာတ်မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁ ရက် မွန်းလွဲ ၂ နာရီက ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းက တက်ရောက်လာသည့် အကျိုးဆောင်တောင်သူများအား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရန်လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှိုင်မြင့်က စံပြကွက်၊ စမ်းသပ်ကွက်များအတွက် ယူရီးယားဓာတ်မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သီးနှံပိုးမွှားရောဂါအန္တရာယ် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှိုင်မြင့်တို့က မြို့နယ်အတွင်းရှိ နွေနှမ်းနှင့် နွေစပါးစံပြကွက်စိုက်ပျိုးတောင်သူ ၈၆ ဦး၏ လယ်ယာမြေ ၃၁၅ ဧကအတွက် တစ်ဧကလျှင် ယူရီးယားဓာတ်မြေဩဇာ တစ်အိတ်နှုန်းဖြင့် စုစုပေါင်း ဓာတ်မြေဩဇာ ၃၁၅ အိတ် အား တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ရာ အကျိုးဆောင်တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### တိုတိုထွာထွာဖတ်စရာ

## အလက(ခွဲ)နှစ် (၁၀၀) ပြည့်ပွဲကျင်းပ

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ်အနောက်ဂန့်ဂေါအလက(ခွဲ)၏နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁ ရက် နံနက်က အဆိုပါ ကျောင်း၌ပြုလုပ်ရာ ကျောင်းအုပ်ဆရာကြီးက ကျောင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဖတ်ကြားသည်။

ထို့နောက် အလက (ခွဲ)နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်ပွဲအဖြစ်ကျင်းပသည့် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲဆုများကို ဂန့်ဂေါခရိုင် ပညာရေးမှူး ဦးစိန်အောင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**စိန်ကျော်**

## ကလောတွင် စုပေါင်းအမှိုက်ကောက်

**ကလော**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ဇွန် ၁ ရက် နံနက် ၇ နာရီမှစတင်၍ ကလောမြို့ အမှတ် (၃) ရပ်ကွက်ရှိ လမ်းမကြီးဘေး ဝဲ၊ ယာနှင့်ရပ်ကွက်အတွင်းရှိ အမှိုက်များအား စုပေါင်းအမှိုက်ကောက်ခဲ့ကြသည်။

စုပေါင်းအမှိုက်ကောက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာနှင့် ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## အခြေခံအပ်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် အခြေခံအပ်ချုပ်သင်တန်း(၉/၂၀၁၉) ဆင်းပွဲအခမ်းအနားကို ဇွန် ၃၁ ရက် နံနက် ၉ နာရီခွဲက မယ်ဆည်နမ်ကျေးရွာ ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## စံချိန်ကိုက်ပဋ္ဌာန်းပူဇော်နည်းနှင့် ထီပေါက်စေသည့် ဆယ်တော်မူဘုရားရှိခိုး



သက်နှင်းဆွေ(ပုပ္ပား) စီစဉ်ရေးသားသည့် စံချိန်ကိုက်ပဋ္ဌာန်းပူဇော်နည်းနှင့် ထီပေါက်စေသည့် ဆယ်တော်မူဘုရားရှိခိုးစာအုပ် ထွက်ရှိလာသည်။

စံချိန်ကိုက်ပဋ္ဌာန်းပူဇော်ရာတွင် ပဋ္ဌာန်းရွတ်ခါနီး ခြေတွေ၊ လက်တွေ၊ အာခံတွင်းတွေကို ဆေးကျောခြင်း၊ အချိန်မှန်မှန်ရွတ်ခြင်း၊ ပီပီသသနှင့် ခပ်ကျယ်ကျယ်ရွတ်ခြင်း၊ ပဋ္ဌာန်းရွတ်ခါနီးတွင် နတ်တွေ၊ ဗြဟ္မာတွေကို ပင့်ဖိတ်ထားပြီး ပဋ္ဌာန်းရွတ်ပြီးသည်နှင့် ထိုပဋ္ဌာန်းရွတ်သည့် ကုသိုလ်ကောင်းမှုနှင့် တခြားပြုသမျှ ကုသိုလ်ကောင်းမှုတွေ၏ အဖို့ဘာဂကို ပဋ္ဌာန်းတရားလာနာသည့် နတ်၊ ဗြဟ္မာတွေအား အမျှပေးဝေပါ၏၊ အမျှရ၍ ကျန်းမာချမ်းသာကြပါစေ။ ထိုသို့ အမျှပေးဝေပြီးလျှင် မိမိအလိုရှိသောအရာကို ဆုတောင်းခြင်းဖြင့် ပြည့်စုံနိုင်ကြောင်း ရေးသားထားသည်။

**စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်၊ ၃၉-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉- ၇၇၃၇၇၄၇၃၃ နှင့် ၀၁- ၈၃၉၂၈၃၅ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## မြန်မာစကားပုံများနှင့်ဆင်သည့် ကမ္ဘာ့စကားပုံများ




ဦးသိန်းအောင်(နိုင်ငံခြားငွေ) စီစဉ်ရေးသားသည့် မြန်မာစကားပုံများနှင့် ဆင်သည့် ကမ္ဘာ့စကားပုံများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြန်မာစကားပုံများ၊ ဆိုရိုးစကားများနှင့် တိုင်းရင်းသားစကားပုံများနှင့်ဆင်သည့် ကမ္ဘာ့နိုင်ငံအသီးသီး၏ စကားပုံများ၊ မြန်မာစကားပုံများနှင့်နီးစပ်သည့် ကမ္ဘာ့စကားပုံများ၊ မြန်မာစကားပုံများနှင့် ဆန့်ကျင်ဘက်စကားပုံများကိုပါ ထည့်သွင်းဖော်ပြထားသည်။ စာအုပ်ကို စာရေးသူက အကောင်းဆုံးဖြစ်အောင် ကြိုးစားပြုစုထားသဖြင့် မြန်မာစကားပုံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၏ စကားပုံများကို လေ့လာသူများ အနေဖြင့် ကျေနပ်အားရကြလိမ့်မည်ဖြစ်သည်။

**စာအုပ်ကို သံလွင်ခက်စာပေ၊ အမှတ်-၉၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉- ၄၅၀၀၄၉၁၁၆ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါများကြောင့် အသက်မဆုံးကြစေဖို့



ကမ္ဘာပေါ်ရှိ အသက်ကြီးငယ်မရွေး သက်ရှိလူများအားလုံး၏ အသက်ဘေးအန္တရာယ်ကို ခြိမ်းခြောက်နေသည်ကို ကာကွယ်တားဆီးနိုင်စေရန် စာရေးသူ ပေါက်ပေါက် စီစဉ်ရေးသားသည့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါကြောင့် အသက်မဆုံးကြစေဖို့စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါတို့၏ ရောဂါလက္ခဏာများ၊ ကာကွယ်ကုသနည်းများ၊ ရှောင်ရန်ဆောင်ရန်အချက်များ၊ နေထိုင်စားသောက်ပုံများ၊ နောက်ဆက်တွဲပြဿနာများ၊ ကြိုတင်ကာကွယ်နည်းများနှင့် အခြားသိသင့်သိထိုက်သည့် ဗဟုသုတများအပြင် ဆီးချိုနှင့် နှလုံးရောဂါများအတွက် အဆီပိုမဖြစ်စေရန် စသည့်ကျန်းမာရေးအတွက် ဆောင်ရွက်သင့်သည်များကို လူတိုင်းအလွယ်တကူ သိရှိနိုင်စေရန် ရေးသားထားသည်။

**စာအုပ်ကို ရန်အောင်စာပေ၊ အ-ထ-က(၁) ရန်ကင်းကျောင်းရှေ့ ဆိုင်အမှတ် (H)၊ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉- ၅၁၇၉၃၉၈ နှင့် ၀၉- ၇၃၂၄၃၈၅၁ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## စိတ်တွက်သင်္ချာ (သို့မဟုတ်) စက္ကန့်ပိုင်းနှင့် အလွယ်တွက်နည်းများ




ကလေးသူငယ်များ စိတ်ဝင်စားဖွယ်သင်္ချာတွက်နည်းများကို စာရေးသူ ဆရာထိန်လင်း စီစဉ်ရေးသားသည့် စိတ်တွက်သင်္ချာ (သို့မဟုတ်) စက္ကန့်ပိုင်းနှင့် အလွယ်တွက်နည်းများစာအုပ် ထွက်ရှိလာသည်။

သင်္ချာပညာရပ်ကို ကျွမ်းကျင်ပိုင်နိုင်သူအများစုသည် မှတ်ဉာဏ်ကို အသုံးချရခြင်း၊ ဖြတ်ထိုးဉာဏ်ကို အသုံးချရခြင်းများကို ပြုလုပ်ကြရပြီး တွေးတောဆင်ခြင်မှုနှင့် တီထွင်ဖန်တီးနိုင်မှုများတွင် ထိုပုဂ္ဂိုလ်များသည် အားသာကြသည်။ ထို့ကြောင့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူလူငယ်များ၏ စဉ်းစားတွေးခေါ် ဉာဏ်ရည်ဉာဏ်သွေးများ အမြဲထာဝရ ထက်မြက်သွက်လက်မှုဖြစ်စေရန် အဆိုပါစာအုပ်တွင် တွက်နည်းအသစ်များနှင့် ကိန်းဂဏန်းများ၏ ထူးခြားချက်များကို ဖော်ပြထားသဖြင့် လူငယ်များလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်၊ ၃၉-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၇၇၃၇၇၄၇၃၃ နှင့် ၀၁- ၈၃၉၂၈၃၅ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ဗုဒ္ဓဂယာ အောင်မြေမဟာသို့ (၁၂)ရက်ခရီး



စာရေးသူ မြင့်စိုး(နတလ)၏ ဗုဒ္ဓဂယာ အောင်မြေမဟာသို့ (၁၂)ရက်ခရီး စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူတို့ ဘုရားဖူးအဖွဲ့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှ ၂၂ ရက်အထိ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံရှိ ဗုဒ္ဓဂယာ အောင်မြေမဟာရှိ သံဝေဇနီယလေးဌာနနှင့် အဝိဇဟိတလေးဌာနတို့အား ဖူးမြော်ကြည်ညိုခဲ့ရပုံများကို ဆောင်းပါး ၁၂ ပုဒ်ဖြင့် ရေးသားပူဇော်ထားပြီး ဘုရားဖူးသွားလိုသူများနှင့် စုတောင်းထားလိုသူအတွက် ဘုရားဖူးခရီးစဉ် မှတ်တမ်းဓာတ်ပုံ ဝေဝေဆာဆာ ဖော်ပြထားပြီး ပူးဇရီးစက္ကူဖြူချောများအသုံးပြုကာ ထုတ်ဝေထားသည်။

အဆိုပါစာအုပ်ကို စာရေးသူ၏ ဇနီးဖြစ်သူ ဒေါ်လှိုင်လှိုင်မင်း (ခ) မစန္ဒာ အားရည်စူး၍ သားဖြစ်သူ ဒေါက်တာကောင်းဆက်စိုး မိသားစုတို့က ဓမ္မဒါနအဖြစ် ထုတ်ဝေလှူဒါန်းခြင်းဖြစ်သည်။

## မျက်စိကျန်းမာတစ်သက်တာနှင့် ဆောင်းပါး (၃၀)




၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ကြေးမုံသတင်းစာ၊ မန္တလေးနေ့စဉ်သတင်းစာ၊ မြဝတီသတင်းစာ၊ The Voice Daily နေ့စဉ်သတင်းစာများ၏ ဆောင်းပါးကဏ္ဍတွင်ဖော်ပြခြင်းခံရသော ဆောင်းပါးရှင် ပြည့်အောင် (COA) ၏ မျက်စိကျန်းမာရေးပညာပေးဆောင်းပါး ၃၀ ကို စုစည်းထုတ်ဝေထားသော စာအုပ်ဖြစ်သည်။

မျက်စိကျန်းမာရေး ဗဟုသုတလိုလားသူများ လက်ကိုင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မန္တလေးမြို့တွင် ထွန်းဦးစာပေ၊ ညိုစာပေ၊ မိုးကောင်းကင်စာပေ၊ စိတ်ကူးချိုချိုစာပေတို့နှင့် ဖုန်း-၀၉- ၄၃၀၆၀၂၆၅ တို့တွင် ဆက်သွယ်မှာယူနိုင်ပါသည်။**

## ကင်ဆာရောဂါများကို ကာကွယ်တားဆီးပေးနိုင်သော သဘာဝစားစရာများ



အစာလည်းဆေး၊ ဆေးလည်းအစာဟူသည့် ဆိုရိုးစကားအတိုင်း စာရေးသူ ဟိန်း(ဘူမိ) စီစဉ်ရေးသားသည့် ကင်ဆာရောဂါများကို ကာကွယ်တားဆီးပေးနိုင်သော သဘာဝစားစရာများစာအုပ် ထွက်ရှိလာသည်။

ကင်ဆာရောဂါများဘေးမှ ကင်းဝေးမည့် သဘာဝစားစရာများ(၁)တွင် ကင်ဆာကို ဟန့်တားပေးမည့် အကောင်းဆုံးစားစရာများ၊ ရင်သားကင်ဆာကို ကာကွယ်ပေးမည့် စားစရာများ၊ အူမကြီးရောဂါကို ကာကွယ်ပေးမည့် စားစရာများဟူ၍ ကဏ္ဍသုံးခုပါဝင်ပြီး ကင်ဆာရောဂါကို ကာကွယ်တားဆီးရာတွင် အထောက်အကူပြုသော စားစရာများဖြစ်သည့် ဟင်းသီးဟင်းရွက်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ပဲပိစပ်၊ မုန်လာဉနီ၊ ခရမ်းချဉ်သီးတို့ဖြစ်သည်။ အမှတ် (၂) တွင် အဆုတ်ကင်ဆာရောဂါကို ကာကွယ်ပေးမည့် စားစရာများ၊ ပန်ကရိယကင်ဆာကို ကာကွယ်ပေးမည့် စားစရာများ၊ အခြားကင်ဆာများနှင့် စားသောက်ကာကွယ်ပုံနည်းလမ်းများဟူ၍ ကင်ဆာရောဂါမှတားဆီးနိုင်စေရန် ရည်ညွှန်းရေးသားထားသည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်၊ ၃၉-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉- ၇၇၃၇၇၄၇၃၃ နှင့် ၀၁- ၈၃၉၂၈၃၅ တို့မှ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိသည်။**

## တသိမ့်သိမ့်တုန် ကဗျာဆန်တဲ့ရင်တွင်းစကားများ



ကဗျာစာပေကို ဖတ်ရှုလေ့လာလိုသူများအတွက် စာရေးသူ ချောချော (ချောင်းသာ) စီစဉ်ရေးသားသည့် တသိမ့်သိမ့်တုန် ကဗျာဆန်တဲ့ ရင်တွင်းစကားများ စာအုပ်ထွက်ရှိလာသည်။

စာရေးသူသည် စာဖတ်တတ်သည့်အရွယ်မှစ၍ စာပေ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး အလွန်ဝါသနာပါကြောင်း၊ အချစ်၊ အလွမ်းကဗျာများကို ပို၍ နှစ်သက်ကြောင်းနှင့် စာရေးသူ၏ဘဝနှင့် သက်ဆိုင်နေသည်ဟု ထင်မိကြောင်းရေးသားထားသည်။ မြန်မာစာ၊ မြန်မာကဗျာများကို လေ့လာရင်း၊ ရေးရင်းကို သင်ယူလေ့လာရာတွင် အမှားအယွင်းများအခါခါကြုံခဲ့ရပြီး ဆရာများ၏ သွန်သင်ညွှန်ပြမှုများကိုနာခံလျက် ကြိုးစားအားထုတ်ခဲ့သည်။ အဆိုပါစာအုပ်ကိုဖတ်ရှု၍ စာဖတ်သူတို့၏ရင်ထဲတွင် စာပိုဒ်ကလေးများကိုဖတ်ရင်း ရင်ထဲတွင် တသိမ့်သိမ့်တုန်၍ ခံစားနေမည်ဖြစ်သည်။

**စာအုပ်ကို သစ္စာရောင်ခြည်စာပေ၊ ကျိုက္ကစံဆံတော်ရှင်စေတီတော်အရှေ့မုခ်၊ ဆိုင်အမှတ် (၇/၈)၊ ဆ/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉- ၄၂၁၀၉၂၈၃၉ နှင့် ၀၉- ၇၉၉၅၈၅၂၉၆ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**

## အခြေခံပန်းရန်သင်တန်းဆင်းပွဲကျင်းပ

**တောင်ငူ ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ FSWG အဖွဲ့နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ငူ)တို့ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံပန်းရန်သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၃၁ ရက် နံနက် ၁၀ နာရီက တောင်ငူမြို့ ကံရိုးကျေးရွာ အစိုးရနည်းပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

တောင်ငူခရိုင်ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းက ကျေးလက်ဒေသနေလူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိမည့်အပြင် မိမိတို့ရောက်ရှိရာ ဒေသများတွင် သင်တန်းမှရရှိခဲ့သည့်ပညာရပ်များဖြင့် မိသားစုအတွက် ဝင်ငွေများရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်မင်းလတ်က အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများသည် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှတက်ရောက်လာသည့် သင်တန်းသား ၂၀ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသားများပြုလုပ်ထားသည့် ပန်းရန်နှင့် ပတ်သက်သည့်လုပ်ငန်းများကို တာဝန်ရှိသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ပြည်တွင်း ရေကြောင်းသင်္ဘောများတွင် AIS စနစ် စတင်တပ်ဆင်အသုံးပြုမည်


**ရန်ကုန် ဇွန် ၂**

မြန်မာ့ဆိပ်ကမ်းများနှင့် သင်္ဘောများ လုံခြုံရေးဆောင်ရွက်နိုင်ရန် မြန်မာ့ရေပိုင်နက်အတွင်း ခုတ်မောင်းပြေးဆွဲနေသော ပြည်တွင်းရေကြောင်းသင်္ဘောများတွင်အလိုအလျောက်သတင်းအချက်အလက်ဖမ်းယူသည့်စနစ် (Automatic Identify System- AIS) စတင်တပ်ဆင် အသုံးပြုသွားနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ AIS စနစ်ကိုတပ်ဆင်ထားခြင်းဖြင့် သင်္ဘောတစ်စင်းလုံးကို Control Center မှတစ်ဆင့် မြင်တွေ့နိုင်မည်ဖြစ်ပြီး သင်္ဘောများ၏ လုံခြုံရေးကို ၂၄ နာရီပတ်လုံး စောင့်ကြည့်နိုင်မည်ဖြစ်သည့်အတွက် မြန်မာ့ရေပိုင်နက်အတွင်း ငါးခိုးဖမ်းခြင်း၊ တရားမဝင်မူးယစ်ဆေးဝါးသယ်ဆောင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အပါအဝင် ဆိပ်ကမ်းများနှင့် ပင်လယ်ပြင်လုံခြုံရေးတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ငါးဖမ်းသင်္ဘောများအနေဖြင့်လည်း ယခုစနစ်ကို တပ်ဆင်အသုံးပြုခြင်းဖြင့် ရာသီဥတုဆိုးရွားနေချိန် ဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ရပါက ရရှိထားသော သတင်းအချက်အလက်များကြောင့် ဘေးကင်းလုံခြုံမှုဖြစ်အောင် ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီစနစ်က ပြည်တွင်းသင်္ဘောတွေဖြစ်တဲ့ ခရီးသည်တင်၊ ကုန်တင်၊ ဆီတင်၊ သောင်တူးသင်္ဘောတွေအားလုံး တပ်ဆင်ရမှာဖြစ်ပါတယ်" ဟုရေကြောင်းဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းခန့်က ပြောသည်။

ယခင်က အဆိုပါ AIS စနစ်ကို ဈေးများလွန်း၍ တပ်ဆင်နိုင်ခဲ့ခြင်းမရှိကြောင်း၊ တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ မှ ၄၀၀၀ ရှိကြောင်း၊ ယခုအခါ AIS တစ်ခုလျှင် အနည်းဆုံး ဒေါ်လာ ၁၀၀ မှ ဒေါ်လာ ၅၀၀၊ အများဆုံး ဒေါ်လာ ၁၅၀၀ ခန့်သာဈေးရှိ၍ သင်္ဘောများအနေဖြင့် တပ်ဆင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။




မြန်မာနိုင်ငံတွင် ငါးဖမ်းသင်္ဘော ၄၀၀၀ ခန့်ရှိနေပြီး ကမ်းရိုးတန်းသွားသင်္ဘောအနေဖြင့် ရာဂဏန်းသာရှိကြောင်း၊ သင်္ဘောများတွင် AIS စနစ်တပ်ဆင်နေချိန် မြန်မာ့ဆိပ်ကမ်းများတွင်လည်း Control Center များ တည်ဆောက်သွားရမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၄ သန်းနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၆၇၈၉ ဒသမ ၉၉ သန်းရှိ

**မုံရွာ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၂၄ သန်းနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ငွေကျပ်သန်း ၆၇၈၉ ဒသမ ၉၉ သန်းရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ပြောကြားသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် စက်မှုကဏ္ဍတွင် အော်ဂဲနစ်ဓာတ်မြေသြဇာအမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းနှင့် ယူကလစ်ကို အသုံးပြုပြီး အထပ်သားနှင့် သစ်အချောထည် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ သန်း၊ လယ်ယာကဏ္ဍတွင် မျိုးစပါးစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းတွင် ကန်ဒေါ်လာ ငါးသန်း၊ သကြားဓာတ်မြေသြဇာနှင့် အရက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄ သန်းအား ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် စက်မှုကဏ္ဍတွင် အဆင့်မြင့်နည်းပညာဖြင့် ဝါးအချောထည်လုပ်ငန်း၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ သီးနှံထုပ်ပိုးစက္ကူထုတ်လုပ်ခြင်းလုပ်ငန်း၊ ကွန်ကရစ်တိုင် ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ၂၉၆၆ ဒသမ ၁၉ သန်းအားလည်းကောင်း၊ ဟိုတယ်ကဏ္ဍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု ၂၂၅၀ သန်းအားလည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍ အပန်းဖြေဥယျာဉ်လုပ်ငန်းတွင် ငွေကျပ် ၁၅၇၃ ဒသမ ၈ သန်း စုစုပေါင်း ငွေကျပ် ၆၇၈၉ ဒသမ ၉၉ သန်းအား ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## နောင်ချို၌ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးသီတင်းပတ် အခမ်းအနား ကျင်းပ

**နောင်ချို ဇွန် ၂**

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေးသီတင်းပတ် အခမ်းအနားကို မေလနောက်ဆုံးပတ်က နောင်ချိုမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အထက(၁) နောင်ချိုမြို့မှ ကျောင်းသား ကျောင်းသူများက ကျောင်းအပ်နှံရေးနေ့ သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥက္ကဋ္ဌ ဒေါက်တာစိန်စိန်သိန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဒွေးလင်းအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်မီမီကျော်တို့က အမှာစကားပြောကြားရာတွင် ပညာရေးကဏ္ဍ၌ အခြေခံပညာသည် ပို၍အရေးပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် နည်းမှန်လမ်းမှန်ကျင့်သုံးပြီး နိုင်ငံတကာအဆင့်မီအောင် ကြိုးစားကြစေလိုကြောင်း။

ပညာမပြည့်စုံပါက တိုင်းပြည်အနာဂတ်နှင့် လူမှုအသိုင်းအဝိုင်းအတွက် ပြဿနာဖြစ်လာနိုင်ကြောင်း၊ ဆရာ ဆရာမများသည် နိုင်ငံ့တာဝန်ကျေအောင် ကျောင်းသား ကျောင်းသူများ လမ်းမှန်ကိုလျှောက်လှမ်းတတ်ရန် သင်ကြားပေးစေလိုကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း မည်သည့်ခွဲခြားမှုမျှမရှိဘဲ ပညာသင်ယူခွင့်ရရှိစေရေး၊ ကျောင်းနေမြဲ၍ ကျောင်းထွက်သူမရှိစေရေးစသည့် မူဝါဒများ အလေးထားကျင့်သုံးပြီး ကျောင်းအပ်နှံမှုမြင့်မားရေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍အလှူရှင်များက ကလေးစာပေများ၊ ဗလာစာအုပ်၊ ကွန်ပါဘူးနှင့် အားကစားပစ္စည်းများကို ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်ပညာရေးမှူးအား ပေးအပ်လှူဒါန်းခဲ့ကြသည်။

**စိုးဝင်း**

## နုပျိုနေဆဲစာနယ်ဇင်းဆရာ

စာမျက်နှာ ၁၅ မှ

ဖတ်မလိုသည့် တစ်ကြောင်း ခဲနီနှင့်ခြစ်၊ နှုတ်မှလည်း နူးညံ့ညင်သာစွာဖြင့် ဒီစာလုံး လိုလား၊ မလိုဘူးနော်...ခြစ်။ ဒီစာကြောင်း ခြစ်လိုက်ရင် မင်းဆိုလိုချင်တာ ပျက်သွားသလား... မပျက်ဘူးနော်.... ဒါဆိုရင် ခြစ်။ ဒီစာပိုဒ်က နည်းနည်းမာနေသလား ... မပါလို့ဖြစ်လား... ဖြစ်တယ်နော်၊ ဒါဆို တစ်ပိုဒ်လုံးခြစ်စသည်ဖြင့် ပြင်ဆင်တည်းဖြတ်ပေးရင်း သင်ကြားသည်။

### ယူသော် ရကောင်း၏

ထိုသို့ ....ရဲပတောင်းခတ် ပြင်ဆင်ပေးပြီးသကာလ ... နိဂုံးချုပ်အနေနှင့် ကိုင်း .... ဒါဆိုရင် မင်းဆောင်းပါးလေးလှသွားပြီ။ မင်း အသက်၊ မင်းဝါနဲ့ မင်းပြောမယ့် ရေးမယ့် အကြောင်းအရာ အချက်အလက်နဲ့ ပုဂ္ဂိုလ်ကကြီးနေမြင့်နေလေရဲ့...။ ဒီတော့ မင်းအနေနဲ့ ခြေဖျားထောက်၊ လက်သီးလက်မောင်းတန်းပြီး ပြောသင့်သလား။ မပြောသင့်ဘူးနော်...၊ ဟုတ်လား ...။ လက်လေးပိုက်၊ ခေါင်းလေးငုံ့ပြီး ညင်ညင်သာသာ ဖွယ်ဖွယ်ရာရာ သိမ်သိမ်မွေ့မွေ့ အောက်ကျို့ပြီး ပြောရင် ပိုမကောင်းဘူးလား...။ အေး... ကောင်းပါပေတယ်နော်။ အစက မင်းဆောင်းပါးမှာ ခြေဖျားထောက်၊ လက်သီးလက်မောင်းတန်းတာများနေတယ်။ အခုမှ မင်းဆောင်းပါးက လက်လေးပိုက်၊ ခေါင်းလေးငုံ့၊ သိမ်မွေ့သွားတာ။ သိမ်မွေ့တာ မကောင်းဘူးလား..။ အေး... ကောင်းတာပေါ့...ဟုတ်လား...။ ဆရာဇော်ဂျီကို သိတယ်နော်... စာပေအရာမှာ နံ့စပ်တဲ့ ကဝိတစ်ဆူ မဟုတ်လား...။ ဆရာဇော်ဂျီလိုပုဂ္ဂိုလ်ကပင်လျှင် မှန်တဲ့ကိစ္စ ဖော်ပြရာမှာ 'ယူသော် ရကောင်း၏' လို့ပဲ ပြောခဲ့ရေးခဲ့တာကွယ့် စသည်ဖြင့် သိမ်မွေ့စွာ သင်ကြားလမ်းပြပေးခဲ့၏။

ရွှေဝတ်ရည် ရပ်နားပြီး ... ဒေါ်ဒေါ် လူထု ဒေါ်အမာဆီမှာ ကျွန်တော်ရောက်သွားတော့ ဆရာက အလွန်အားရဝမ်းသာသွားသည်။ ဆရာက မျိုးဆက်အမွေဆက်ခံမှုသဘောကို တဖွဖွပြောသည်...။ ဒေါ်ဒေါ်ထံမှာ ပညာအမွေ ...၊ သဘောတရား အမွေ...၊ စေတနာအမွေ ...၊ ရအောင်ယူပါဟုလည်း ဆရာနှင့်တွေ့တိုင်း ပြောသည်။

### စာ၊ နယ်၊ ဇင်းဟူသော ထောက်သုံးထောက် စလုံး

ဆရာမောင်သစ်လွင် (လူထု)က လူထုသတင်းစာ၊ လူထု ဂျာနယ်နှင့် ရွှေဝတ်ရည်မဂ္ဂဇင်းတွေမှာ အယ်ဒီတာအဖြစ်ဆောင်ရွက်ပေးခဲ့သဖြင့် သတင်းစာမှ 'စာ'၊ 'ဂျာနယ်'မှ 'နယ်'၊ မဂ္ဂဇင်းမှ 'ဇင်း' ...။ စာ၊ နယ်၊ ဇင်းဟူသော ထောက်သုံးထောက်စလုံးမှာ ပါဝင်ဆောင်ရွက်ခဲ့ရမှုကို ကျွန်တော်တို့အား ပြောပြလေ့ရှိ၏။ သတင်းစာဆရာတစ်ယောက်အဖြစ် ဘဝကိုဖြတ်သန်းခဲ့ရမှုကိုလည်း ဆရာက အမြဲဂုဏ်ယူသည်။ ၁၉၆၇ ခုနှစ် ကတည်းက သတင်းစာဆရာ တာဝန်နှင့် ဝေးခဲ့ရသော်လည်း ယနေ့အထိ ထိုတာဝန်၊ ထိုဝိညာဉ်က ပျောက်ကွယ်မသွားသေး.....။ သန်းခေါင်သန်းလွဲအထိ ရေဒီယိုတစ်လုံးနှင့် မြန်မာပိုင်း၊ အင်္ဂလိပ်ပိုင်း သတင်းအစီအစဉ်တွေပြီးမှ အိပ်ပျော်သတဲ့ ... ။

"မင်းတို့ ငါ့ဆီလာရင် ... မနက်စောစောမလာနဲ့ .. ငါက သတင်းစာဆရာ၊ ညအယ်ဒီတာဘဝ မလွတ်မကျွတ်သေးဘူး။ လင်းအားကြီး ဖောင်ပိတ်ပြီးမှ အိပ်ပျော်တော့ မနက်စောစော မနိုးဘူးကွဲ့" ဟု ယခုတိုင် ရယ်ရွှန်းစကား ပြောမြဲဖြစ်ပါ၏။

### ဆရာ့ကလောင်က သွက်လက်နုပျိုဆဲ

သတင်းခေတ်မှာ ဝါရင့်သတင်းစာဆရာကြီး မောင်သစ်လွင်(လူထု) ထံက အတွေ့အကြုံတွေ၊ သတင်းစာပညာတွေအများကြီး ရနိုင်ပါပေသည်။ ဆရာ ရေးသားခဲ့သော သတင်းစာဆိုင်ရာ ဆောင်းပါးတွေ၊ ယဉ်ကျေးမှုဆိုင်ရာဆောင်းပါးတွေလည်း အများကြီး ကျန်ပါသေးသည်။ စာတစ်အုပ်၊ ကျမ်းတစ်စောင်မက အုပ်ပေါင်းများစွာ၊ ကျမ်းပေါင်းများစွာစုစည်း ထုတ်ဝေနေဆဲဖြစ်ပါ၏။ ဆရာ့ကလောင်က သွက်လက်နုပျိုဆဲဖြစ်ပါ၏။

ဆရာမောင်သစ်လွင်(လူထု) ကတော့ သမီးလိမ္မာ၊ မြေးလိမ္မာများနှင့် ပျော်ရွှင်ချမ်းမြေ့စွာ ခေတ်နှင့်အမီလိုက်ဆဲမို့ ယနေ့လက်ရှိ စာနယ်ဇင်း (မီဒီယာ) များနှင့် ပတ်သက်သည့် ဆရာ့အမြင်ဆောင်းပါးတွေကိုလည်း ကျွန်တော် ပူဆာချင်ပါသည်။ ဆရာ့လက်စွဲ နီပြာတံကြီးနှင့် ဒီကနေ့ အစောင်စောင်သော ဂျာနယ်စာမျက်နှာတွေကို ဖတ်ရှုသုံးသပ်တည်းဖြတ်မှုတွေပေါ့ ... ။ ဆရာ မအိုသေး။

# မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

**စစ်တွေ ဇွန် ၂**

(၂၂) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ဇွန် ၂ ရက် နံနက် ၈ နာရီက ဦးဉတ္တမခန်းမ၌ ကျင်းပသည်။

အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၁၈ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၁၃ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၇ ဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၁၇ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၃၅ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၆ ဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၃၁ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၂၉ ဦး ပိုစတာပြိုင်ပွဲတွင် ၁၂ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်း၊ စစ်တွေကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာဇော်ထွန်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက် ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# အမရပူရမြို့နယ် ဒေါင်းရွှေပင်မဓာတ်အားခွဲရုံ တည်ဆောက်မည်

**မန္တလေး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် အမရပူရမြို့နယ် ဒေါင်းရွှေပင်မဓာတ်အားခွဲရုံသစ် တည်ဆောက်ရေးညှိနှိုင်းအစည်းအဝေးကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီက မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၌ ကျင်းပသည်။

လျှပ်စစ်ဓာတ်အားစနစ်တည်ဆောက်ရေး စီမံကိန်းညွှန်ကြားရေးမှူး ဦးမင်းနိုင်က မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရေး အမရပူရမြို့နယ်တွင် တည်ဆောက်မည့် ၂၃၀ ကေဗွီ ဒေါင်းရွှေပင်မဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းရှစ်မိုင်တည်ဆောက်မည့် အခြေအနေများ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ခေတ္တအမှုဆောင်အရာရှိ ဦးစိုးမင်းထွန်းနှင့် အင်ဂျင်နီယာချုပ် ဦးကိုကိုနိုင်တို့က ပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးပါက ချိတ်ဆက်ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများအား ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်လျှပ်စစ်မန်နေဂျာက ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုများအား တင်ပြသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဒေါင်းရွှေပင်မဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားစနစ် တိုးတက်ဖြန့်ဖြူးနိုင်မှု အခြေအနေနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းမည့် အခြေအနေများ၊ အနာဂတ်ကာလ မန္တလေးမြို့ တိုးတက်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်အတွက် ဗို့အားအပြည့်အဝပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများနှင့် စီမံကိန်းသတ်မှတ်ကာလအတွင်း ပြီးစီးရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**မောင်ပြည်သူ (မန္တလေး)**





# ဂျပန်နိုင်ငံသို့ စက်ပြင်အလုပ်သမားများစေလွှတ်မည်

**ရန်ကုန် ဇွန် ၂**

မြန်မာ - ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(SEDA) ဦးဆောင်မှုဖြင့် ဂျပန်နိုင်ငံသို့ စက်ပြင် (အလုပ်သင်) နှင့် ကျွမ်းကျင်စက်ပြင် အလုပ်သမားများ ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“ပြီးခဲ့တဲ့ သုံးလလောက်ကတော့ ဘိုးဘွားရိပ်သာနဲ့ ပတ်သက်ပြီး သဘောတူလက်မှတ် ရေးထိုးခဲ့ပါတယ်။ ရှေ့နှစ်လောက်မှာ သင်တန်းသားတွေ ပို့ဖို့ရှိပါတယ်။ အခု စက်ပြင်ကိုတော့ မြန်မြန်ဆန်ဆန်နဲ့ လွှတ်ပါမယ်။ ဒီထက်ပိုပြီး တခြားသင်တန်းသားတွေ ပို့ဖို့ အလားအလာရှိပါတယ်။ ဒါကတော့ စားသောက်ဆိုင်လုပ်ငန်းတို့၊ ဟိုတယ်လုပ်ငန်းတို့ သင်တန်းပေးဖို့ စီစဉ်နေပါတယ်။ မြန်မာနိုင်ငံက လူငယ်တော်တော်များများကို သင့်တော်တဲ့လုပ်ငန်းရဖို့ သင်တန်းပေးသွားမှာ ဖြစ်ပါတယ်။ လူငယ်တွေကိုဖိတ်ခေါ်ပါတယ်” ဟု SEDA အသင်းဥက္ကဋ္ဌ ဦးအေးမင်းက ပြော သည်။

ဂျပန်နိုင်ငံ၏ အလုပ်သမား လိုအပ်ချက်အရ မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှ လုပ်သားငါးသိန်းကျော် ခေါ်ယူသွားမည်ဖြစ်ပြီး လုပ်ငန်းအမျိုးအစား ၁၄ မျိုးရှိကြောင်း၊ ဂျပန်နိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုသူများအနေဖြင့် အဓိက ဂျပန်ဘာသာစကားနှင့် လုပ်ကိုင်လိုသည့်လုပ်ငန်းကျွမ်းကျင်ရမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်မှာ နိုင်ငံတော်မှ သတ်မှတ်ထားသည့် ဒေါ်လာ ၂၈၀၀ ကုန်ကျမည်ဖြစ်ပြီး ကုန်ကျစရိတ်တစ်ဝက်ခန့် ချေးငွေအဖြစ် ထုတ်ချေးသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ မြန်မာလူငယ်တွေ စက်ပြင်လောကမှာ အခုလို ဂျပန်နိုင်ငံက ခေါ်တယ်ဆိုတာ တစ်ခါမှမကြားဖူးခဲ့ပါဘူး။ အခုလို ဆောင်ရွက်ပေးတာ ကျွန်တော်တို့ သင်တန်းကျောင်းအတွက်ရော မြန်မာလူငယ်တွေအတွက်ပါ အဖိုးတန်ပါတယ်” ဟု Progress Automotive Technical Trading School မှ ကျောင်းအုပ် ဦးဆန်းဦးက ပြောသည်။

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ဂျပန်နိုင်ငံသို့ သွားရောက်မည့် အလုပ်သင်စက်ပြင်နှင့် ကျွမ်းကျင်စက်ပြင် အလုပ်သမားများအတွက် သင်တန်းပို့ချခြင်းနှင့် စေလွှတ်မှုဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးခြင်းကို ဇွန် ၂ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **ဇာနည်မောင်**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**ဇီးကုန်း ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင် ဇွန် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အတွင်း မေ ၂၀ ရက်နှင့် ၂၅ ရက်တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သော အိမ်ထောင်စု ၂၇ စုအား မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့မှ လေဘေးကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားပြုလုပ်ခဲ့သည်။

ပေးအပ်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးကျော်မင်းစိုး၊ မြို့နယ်ကြက်ခြေနီအသင်းအမှုဆောင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လေဘေးသင့်ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **တင်မြင့်**

# ကုက္ကိုင်းရေကူးအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဇွန် ၂**

ကုက္ကိုင်းရေကူးအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဆရာစံလမ်းရှိ အဆိုပါ ရေကူးကန်၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဒေါက်တာခင်ရွှေက အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၈-၂၀၁၉ ခုနှစ် အမှုဆောင်ကော်မတီ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူး ဦးပြည့်လင်းက ဖတ်ကြားတင်ပြသည်။ ယင်းနောက် စာရင်းစစ်ခန့်အပ်ကာ အမှုဆောင်ကော်မတီဝင်များကို မိတ်ဆက်ပေးသည်။ ဆက်လက်၍ အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးတောက်ထွန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အလှည့်ကျသဘာပတိ ဦးငြိမ်းကျော်က နိဂုံးချုပ်အမှာစကားပြောကြားသည်။ ယင်းနောက် ကုက္ကိုင်းရေကူးအသင်း နာယကများ၊ အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြပြီး (က)အသင်းဝင်များအတွက် ကံစမ်းမဲဖောက်ပေးသည်။

ကုက္ကိုင်းရေကူးအသင်းကို ၁၉၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၁၁၀ ကျော်ရှိသည့် ရေကူးအသင်းဖြစ်ကာ နှစ်စဉ်ရေကူးသင်တန်းများ ဖွင့်လှစ်ခြင်း၊ အသင်းဝင်များအတွက် ကံစမ်းမဲအစီအစဉ်များ၊ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးလျက်ရှိသည်။ **သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွှန့်**



## အိတ်ဖွင့်တင်ဒါအမှတ်-၁/၂၀၁၉ ခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ အောက်ပါသတ္တုပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

(က) ကတ်သုတ်ကြေးနီ(၅၀၀၀)မက်ထရစ်တန်(15)Lot

Group-1, (1) Lot လျှင် (၁၀၀)မ/တန်စီဖြင့် (5)Lot မုံရွာ၊ Mine Site
Group-2, (1) Lot လျှင် (၂၀၀)မ/တန်စီဖြင့် (5) Lot မုံရွာ၊ Mine Site
Group-3, (1) Lot လျှင်(၅၀၀)မ/တန်စီဖြင့် (3) Lot မုံရွာ၊ Mine Site
Group-4, (1) Lot လျှင်(၁၀၀၀)မ/တန်စီဖြင့် (2) Lot မုံရွာ၊ Mine Site

(ခ) ကတ်သုတ်ကြေးနီ၏ ကြမ်းခင်းဈေးကို တင်ဒါဖွင့်သည့်နေ့တွင်ရှိမည့် London Metal Exchange ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန် ဈေးနှုန်း (Unknown Price)အပေါ်တွင် အခြေခံ၍ Premium အများဆုံးပေးပြီး သယ်ယူခ၊ တင်ချစရိတ်များအတွက် ကုန်ကျစရိတ်အား အနည်းဆုံးပေးသွင်းနိုင်သည့် (LME+ Premium အပေါ် သယ်ယူစရိတ်ခုနှိမ်)ကုမ္ပဏီအား တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည်။

(ဂ) အဆင့်နိမ့်သွပ်သတ္တုရိုင်း ၂၀၀၀၀တန် တန့်ယန်း၊ Mine Site
(ဃ) ခဲသတ္တုရောရာသတ္တုပစ္စည်းများ ၅၇.၆၆တန် နမ္မတူရုံးခွဲ
(င) ဂဝံ၊ သံကြွယ်ဘောက်ဆိုက်၊ သလင်းကြွယ်ဟု ၇၈.၀၀တန် ရှာင်မြို့နယ် ယူဆရသောကျောက်များ

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၂ရက် (၁၄း၀၀)နာရီဖြစ်ပြီး (၁၅း၀၀)နာရီတွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့်အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖြည့်တင်းထိန်းသိမ်းရေးနှင့်ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၁၆၂၊ ၀၆၇-၄၀၉၀၁၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**










## Condo ကွန်ဒို(အသစ်) ရောင်းမည်၊ ငှားမည်

ပေကျယ် (၄၅×၆၅) 3200 sqft၊ ၅လွှာ ဖိုးစိန်လမ်း၊ အိပ်ခန်း(၃)ခန်း၊ အိမ်သာ၊ ရေချိုးခန်း၊ အဲယားကွန်း (၇)လုံးပါ လူနေရန် Company ရုံးခန်းဖွင့်ရန် ငှားစားရန်အတွက် ဖိုးစိန်လမ်းကျယ် နေရာကောင်း၊ ကျွန်းပါကေးအပြည့်၊ ဓာတ်လှေကား၊ ကားပါကင်၊ လုံခြုံရေး (၂၄)နာရီပါပြီး လူနေခွင့်ကျပြီး။

**ဆက်သွယ်စုံစမ်းရန်** - ဖုန်း-၀၉-၄၅၄၅၂၂၂၂၂၊ ၀၉-၄၃၀၅၇၇၅၇၊ ၀၉-၄၅၄၅၂၂၂၂၇

| စဉ် | ပျောက်သားသူ အမည် | မှတ်ပုံတင် | ပျောက်သားသည့် မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | ထိပ်စာ | ပျောက်သားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

| စဉ် | ပျောက်သားသူ အမည် | မှတ်ပုံတင် | ပျောက်သားသည့် မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | ထိပ်စာ | ပျောက်သားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အလက(ခွဲ) ကိုင်းချောင်မှ Grade 6 မောင်ဟိန်းဇေယျာလင်းနှင့် Grade 1 မစုပြည့်အောင်၏ ဖခင်အမည်မှန်မှာ ဦးစန်းအောင်[၁၄/ကကန(နိုင်)၀၉၄၅၇၈]ဖြစ်ပါသည်။

**ဦးစန်းအောင်**
**[၁၄/ကကန(နိုင်)၀၉၄၅၇၈]**

## အမည်ပြောင်း

လှိုင်မြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်နေ (အဖ)ဦးဝင်းကိုခိုင်[၁၂/လမန(နိုင်)၁၄၈၇၈၅]၏သား မောင်ဝင်းခန့်ကိုအား မောင်ရှိုင်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

လှိုင်မြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်နေ (အဖ)ဦးစိုးမင်းကျော်[၁၄/ဘကလ(နိုင်)၁၈၄၃၄၁]၏သား မောင်ဖွဲ့ညီဦးအား မောင်ဖွဲ့ထက်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

STAR
အုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

စာအုပ်စာပေ
လှူမိတ်ဆွေ


SWEETY HOME
စပရင်မွေ့ယာ ၊ မရိဘောဂ နှင့် မင်္ဂလာခန်းဝင်ပစ္စည်းအမျိုးမျိုး
NATIONWIDE PROMOTION
PROMOTION PERIOD
10TH MAY TO 30TH JUNE 2019
ဈေးဝယ်ရင်း
ကား ကံစမ်းမယ်
ကျပ် (၅) သောင်းဖိုးဝယ်ယူသူတိုင်း
ကံစမ်းမဲ လက်မှတ်တစ်စောင်ရယူပါ
SUZUKI CIAZ ကားသစ်နှစ်စီးနှင့်
အခြားဆုပေါင်းများစွာ
YANGON
Showroom (1) No.(2/B) , Kan Nar Road ,Thittaw Qt , Ahlone Tsp; Yangon.Ph - 01 2314196 ,09 971111418
Showroom (2) No.82 , Ywama Kyaung Road , Hlaing , Yangon. Ph - 01 521255 , 500456 , 09 977919555
Showroom (3) No.296 , Ayeyarwon Road, Thaketa Tsp; Yangon.Ph - 01 547122 , 551591 , 09 - 977919111
Showroom (4) Yuzana Plaza 4th Floor , Yagon. Ph - 01 200747 , 205224 , 09 977919444
Showroom (5) No.3A , Mindama Road , Mayangone Tsp ; Yangon. Ph - 01 9666544 , 09 977919333
Showroom (6) No.84 , Yadanar Road , 8 Block , South Okkalar Tsp; Yangon , Ph - 01 8550358 , 8550359 , 09 977919222
MANDALAY
Showroom (1) 35th Road ,between 64th & 65th Street, Mandalay. Ph - 02 2835938 , 09 977919555
Showroom (2) 33rd Road , between 81st & 82nd Street, Mandalay. Ph - 02 60610 , 09 91029999
အမြို့မြို့အနယ်နယ်ရှိ ဆိုတီးဟုမ်း အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူကံစမ်းနိုင်ပါသည်။

# ဂျပန်အခြေစိုက် Nissin Electric Co မြန်မာနိုင်ငံ၌ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ တည်ဆောက်မည်

**ဗန်ကောက် ဇွန် ၂**

ဂျပန်နိုင်ငံအခြေစိုက် သတ္တုနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့် Nissin Electric Co က မြန်မာနိုင်ငံ၌ စက်ရုံသစ်တစ်ခု တည်ဆောက်မည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ၌ လုပ်အားခများ ကြီးမြင့်လာခြင်းကြောင့် အကုန်အကျသက်သာစေရန် ပစ္စည်းအစိတ်အပိုင်း အချို့ကို မြန်မာနိုင်ငံတွင် ထုတ်လုပ်မည်ဟု Nissin Electric Co က ပြောကြားသည်။




### ထုတ်လုပ်သွားမည်

မြန်မာဈေးကွက်တွင် အရောင်းကိုယ်စားလှယ်ဖြစ်သည့် ဂျပန်ကုမ္ပဏီ တစ်ခုဖြစ်သည့် Hosoda Holdings Co နှင့် ဖက်စပ်လုပ်ငန်းတစ်ခု တည်ထောင်သွားမည်ဟု Nissin Electric Co က ထုတ်ပြန်ချက်တစ်ခု အတွင်း ပြောကြားသည်။ စက်ရုံသစ်ကို ရန်ကုန်မြို့တော်အပြင်ဘက်ရှိ သီလဝါ အထူးစီးပွားရေးဇုန်၌ ယခုလအတွင်း တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မတ်လတွင် လုပ်ငန်းများစတင်လည်ပတ်မည်ဖြစ်သည်။ Nissin Electric Myanmar Co ဟု အမည်ပေးထားသည့် အဆိုပါဖက်စပ်ကုမ္ပဏီက လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်သွားမည်ဖြစ်သည်။

### ရင်းနှီးမြှုပ်နှံမည်

ဖက်စပ်လုပ်ငန်းတွင် Nissin Group က အစုရှယ်ယာ ၉၅ ရာခိုင်နှုန်း ပိုင်ဆိုင်မည်ဖြစ်ပြီး ကျန်ရှိသောငါးရာခိုင်နှုန်းကို Hosoda Holdings Co က ပိုင်ဆိုင်မည်ဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ✻

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ဗိုလ်လုပွဲသို့ ရန်ကုန်အသင်း လေးကြိမ်ဆက် တက်ရောက်




ရန်ကုန်နှင့် စစ်ကိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇွန် ၂**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ဒုတိယအကျော့ (ဒုတိယနေ့)ကို ယနေ့ညနေပိုင်းက YUSC ကွင်း၌ ကျင်းပသည်။

**ရန်ကုန်အသင်း - သုံးဂိုး**
**စစ်ကိုင်းအသင်း - တစ်ဂိုး**

ရန်ကုန်နှင့် စစ်ကိုင်းအသင်းသည် ပထမအကျော့တွင် တစ်ဂိုးစီသရေကျကာ အရှုံးအနိုင်မပေါ်ခဲ့သော်လည်း ရန်ကုန်အသင်းက ဒုတိယအကျော့တွင် နိုင်ပွဲယူကာ နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် ရှုံးထွက်ဗိုလ်လုပွဲသို့ စံချိန်တင် လေးကြိမ်ဆက်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ငါးကြိမ်မြောက် ဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းနှင့်အတူ အကြိမ်အများဆုံး တက်ရောက်နိုင်မှု အဖြစ်ပါ မှတ်တမ်းဝင်ခဲ့သည်။ စစ်ကိုင်းအသင်းသည် ဗိုလ်လုပွဲသို့ ပထမဆုံးတက်ရောက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အဝေးကွင်းရှုံးပွဲကြောင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

စစ်ကိုင်းအသင်းသည် လူစုံအသုံးပြုခဲ့ပြီး အသစ်ခေါ်ထားသည့် လက်ရွေးစင်ဟောင်း တိုက်စစ်မှူး ကောင်းဆက်နိုင်ကို မိနစ် ၃၀ ကျော်တွင် လဲလှယ်အသုံးပြုခဲ့သည်။ ပွဲပယ်နှင့် ဒဏ်ရာရကစားသမားများရှိနေသည့် ရန်ကုန်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ကျော်ဇင်ထက်၊ မောင်မောင်လွင်၊ မီလာ၊ ယာမာဇာကီတို့ဖြင့် ပွဲထွက်ခဲ့ကာ ဆယ်လာကို ဒုတိယပိုင်းမှ အသုံးပြုခဲ့သည်။ ရန်ကုန်အသင်းသည် ဂိုးရရန် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားပြီး ၁၁ မိနစ်တွင် ပြစ်ဒဏ်ဘောကို မောင်မောင်လွင်က တိုက်ရိုက်ကန်သွင်းကာ အဖွင့်ဂိုးသွင်းယူခဲ့သည်။ စစ်ကိုင်းအသင်းသည် ချေပဂိုးပြန်ရရန် ငင်းဝင်လာပြီးနောက်ပိုင်းတွင် တိုက်စစ်ကစားပုံပိုကောင်းလာခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက ထိန်းကစားခဲ့၍ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

# မုတ်သုံလေ အားအသင့်အတင့်ရှိ

**ဇွန် ၂ ရက် ည ၇ နာရီ ထုတ်ပြန်ချက်**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**


ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ် နေသည်။

**မြန်မာ့ပင်လယ်ပြင်**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ **မိုး/ဇလ**



**ကြေးမုံ — သတင်းအညွှန်း**

**ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ မြောက်ကိုရီးယားအရေး တွေ့ဆုံဆွေးနွေး** စာမျက်နှာ » ၁၂

**လီဗာပူးအသင်း စပါးအသင်းကို အနိုင်ရပြီး ချန်ပီယံလိဂ်ဖလား ဆွတ်ခူး** စာမျက်နှာ » ၁၃

Shwe La Min Hospital




ရွှေလမင်းဆေးရုံများတွင် ကျန်းမာရေးစစ်ဆေးခြင်း (Medical Check Up Packages) များကို အထူးသက်သာသောဈေးနှုန်းများဖြင့် ဝန်ဆောင်မှုပေးနေသည့်အပြင် မိုးရာသီကာလ (၁.၆.၁၉ မှ ၃၁.၈.၁၉) ရက်နေ့အတွင်း အခန်းခများကို 20% Discount ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေလမင်းဆေးရုံ (မြောက်ဥက္ကလာပမြို့နယ်) : အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Hot Line : 01-655612
ရွှေလမင်းဆေးရုံ (လမ်းမတော်မြို့နယ်) : အမှတ်(၁၅/၁၉)၊ ဖော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Hot Line : 01-2301949
ရွှေလမင်းဆေးရုံ (ဟင်္သာတမြို့) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့။ Ph:044-2021375,2022799,2022800
ရွှေလမင်းဆေးရုံ (မော်လမြိုင်မြို့) : အမှတ်(၁)၊ မြို့ရှောင်လမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026855,2026387,2026709